**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နှုတ်ကိုအစဉ်စောင့်စည်းရာ၏။ စိတ်ကိုကောင်းစွာထိန်းသိမ်းရာ၏။ ကိုယ်ဖြင့်လည်း မကောင်းမှုကို မပြုရာ။ ဤသုံးပါးသော ပြုမှုအစဉ်တို့ကို စင်ကြယ်စေ၍ ရသေ့သူမြတ်တို့ဟောကြားအပ်သောမဂ်ကို ပြီးစီးစေရာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၃)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ကြာသပတေးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အား မြို့နယ် ၆၁ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကိုကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀) ဖြင့်တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်းတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



## ငဖဲမြို့နယ်၌ ပဲမျိုးစုံ ၁၁၇၂၁ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစိုးရဆည်ရေနှင့်မြေအောက်ရေတို့ကိုအသုံးပြု၍ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရေးအတွက် ပဲမျိုးစုံ ၁၁၇၂၁ ဧက စိုက်ပျိုးပြီးစီးပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံအဖြစ် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲနောက်နှင့် အခြားပဲမျိုးစုံ ၆၈၈၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ မတ်ပဲ၂၈၃၉ ဧက၊ ပဲတီစိမ်း ၁၀၇၉ ဧက၊ ကုလားပဲ **စာမျက်နှာ ၁၅ ကော်လံ ၁ ▼**

**ဆောင်းပါး**

**မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး** စာ - ၁၃ သို့

**ဓာတုဗေဒဘာသာရပ်ဆိုင်ရာသိကောင်းစရာပါရှိ**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ (၂၃၊ ၂၄၊ ၂၅၊ ၂၆) နှင့် (၂၇) တို့တွင် ဖော်ပြထားပါသည်။



# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်)

## နိုင်ငံ့ကောင်းကျိုးရှေးရှုသယ်ပိုးမည့်နိုင်ငံ့ဝန်ထမ်းကောင်း

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများဖြစ်ကြသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်သာဖြစ်သည်။ ဝန်ထမ်းများသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသောလုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊ ရာထူးဝန်အဖွဲ့ကသတ်မှတ်ထားသော သင်တန်းများကိုတက်ရောက်ခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြည်သူကိုရိုသေလေးစားစွာဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ "ပုဒ်မ ၂၆ (က) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။ (ခ) နိုင်ငံတော်သည်နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းရမည်" ဟူ၍ သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ဝန်ထမ်းများအား ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်ဟု ပြဋ္ဌာန်းခြင်းမှာ နိုင်ငံ့ဝန်ထမ်းတို့၏ ဘဝတည်ငြိမ်တိုးတက်ရေးနှင့် နိုင်ငံ့တာဝန်များကို စိတ်ဝင်တစားကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား Video Conferencing ဖြင့် အမှာစကားပြောကြားစဉ် **"နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ ပေါက်ဖွားလာစေရေးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြားပေးသည့် သင်တန်းများ၌လည်း စနစ်တကျဖြင့် သင်ကြားပေးကြရန်လိုကြောင်း၊ သို့မှသာ စည်းကမ်းကောင်းမွန်သည့်ဝန်ထမ်းများ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့်ဝန်ထမ်းများ များပြားလာမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းစနစ်များအားလုံးတူညီနေရန်လည်းလိုကြောင်း၊ ထို့ကြောင့် စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရုံးချိန်အတွင်းရုံးအလုပ်များ စနစ်တကျလုပ်ဆောင်နေရန်လိုကြောင်း၊ အချိန်ကိုအလေးထားဆောင်ရွက်မှသာလုပ်ငန်းအောင်မြင်မှုများရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီအလိုက် ပေးအပ်ထားသည့် လုပ်ငန်းရပ်များကို ပိုင်နိုင်ကျွမ်းကျင်စွာနှင့်အောင်မြင်အောင် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ယခု နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းအကြီးအကဲများနှင့် တပ်မတော်သားအရာရှိကြီးများပါဝင်ကြပြီး သင်တန်းပြီးဆုံး၍ လုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိပါက မိမိတို့လက်အောက်ရှိ နိုင်ငံ့ဝန်ထမ်းများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း"** လမ်းညွှန်မှာကြားခဲ့သည်။

ဝန်ထမ်းများအနေဖြင့် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ခွဲခြားစွာသိမြင်ကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ အဂတိကင်းရှင်းရေးအတွက် ဝန်ထမ်းများအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေ ညီမျှအောင်သုံးစွဲဆောင်ရွက်တတ်ရမည်ဖြစ်သည်။ လိုအပ်သည်ထက်ပိုမို၍ ငွေကြေးများရရှိအောင် ဆောင်ရွက်မှုများရှိခြင်းကြောင့် အချို့ဝန်ထမ်းများကို အရေးယူဆောင်ရွက်ခဲ့ရခြင်းများလည်းရှိခဲ့သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ခံစားခွင့်များကို မူရင်းလစာနီးပါးပင် အကြိမ်ကြိမ်တိုးမြှင့်ပေးခဲ့သည်။ နိုင်ငံ၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ဝန်ထမ်းများ၏ခံစားမှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်၊ မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုစိတ်၊ ပါတီနိုင်ငံရေးကင်းရှင်းစိတ်တို့ဖြင့် နိုင်ငံ့ကောင်းကျိုးရှေးရှုသယ်ပိုး တာဝန်ထမ်းဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။




## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၂၆(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၀ တရားတော် | | | **ငါတို့ရဲ့အမွေ အပိုင်း(၁)** |
| ၂။ ၀၉:၀၀ ကျန်းမာသုတ | | | **သရုပ်ဆောင် ဟိန်းကိုကိုကျော်၊** |
| ၃။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ | | | **သင်ဇာမြင့်မိုရ်၊ ဒါရိုက်တာ ကျော်နှင်းဆီ** |
| ၄။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး | ၇။ | ည ၈ နာရီ သတင်း အပြီး | မိုးလေဝသသတင်း |
| ၅။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင် | ၈။ | | ပန်းပေါင်းစုံစွာအနုပညာ |
| ၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း** | ၉။ | | အတွေးအမြင် |
| **ကမ္ဘာတည်သရွေ့တည်ရှိနေမည်** | ၁၀။ | | တရားတော် |

**MWD Variety Channel**

၅-၂-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၉:၃၅ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၂။ ၁၁:၃၅ ကဗျာအလှရသလွင်ပြင်
၃။ ၁၂:၂၀ Variety Choice
၄။ ၁၇:၄၀ အားကစားနည်းသမိုင်းကြောင်း

**MWD Education, Knowledge & Sports Channel**

၅-၂-၂၀၂၆ (ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၇:၂၅ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၀၇:၂၅ – ၀၈:၃၀ | Grade – 5 | သင်္ချာ၊ လူမှုရေး |
| ၃။ | ၁၀:၀၀ – ၁၁:၀၀ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ကောင်းစရာများ (ဓာတုဗေဒဘာသာရပ်) | |
| ၄။ | ၁၅:၃၀ – ၁၆:၂၀ | Grade – 5 | လူမှုရေး၊ သိပ္ပံ |
| ၅။ | ၁၆:၂၀ – ၁၈:၀၀ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၆။ | ၁၈:၀၀ – ၁၈:၃၀ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

**(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅ / ၂၀၂၆)**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်း၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေသည် သစ်၊ ဝါးဖြင့် ဆောက်လုပ်သည့် အဆောက်အအုံများမှအပ မြန်မာနိုင်ငံဆောက်လုပ်မှုကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးနှင့် သက်ဆိုင်သော အခြေခံအဆောက်အဦများ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **ဆောက်လုပ်မှုကဏ္ဍ**ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းအားလုံးနှင့် သက်ဆိုင်သည့်ကဏ္ဍကိုဆိုသည်။ ယင်းစကားရပ်တွင် နည်းပညာ၊ စီမံခန့်ခွဲမှု၊ အကောင်အထည်ဖော်ရန်နည်းလမ်း၊ တည်ဆောက်မှုလုပ်ငန်းလိုအပ်ချက်များဖြည့်တင်းခြင်း၊ လုပ်ငန်းစီမံကိန်းမစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်၊ တည်ဆောက်မှုလုပ်ငန်းစဉ်၊ ပါဝင်ဆောင်ရွက်သူများ၊ တည်ဆောက်သည့်လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း၊ တည်ဆောက်ရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ခ) **တည်ဆောက်ရေးနှင့်သက်ဆိုင်သောဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ သို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် သို့မဟုတ် နိုင်ငံတော်ပိုင်ဆိုင်သည့်အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံအဆောက်အဦ သို့မဟုတ် အခြားလိုအပ်သည့် တည်ဆောက်မှုလုပ်ငန်းကိုဖြစ်စေ၊ ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အများပြည်သူသုံးအဆောက်အအုံ သို့မဟုတ် လူနေအိမ်ကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းနှင့် ဆောက်လုပ်မွမ်းမံပြင်ဆင်ရန် ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်း၊ လုပ်ငန်းအရည်အသွေးစစ်ဆေးခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းစီမံခန့်ခွဲခြင်း လုပ်ငန်းများကို ဆိုသည်။

(ဂ) **အခြေခံအဆောက်အဦ** ဆိုသည်မှာ နိုင်ငံတော်အတွက် လိုအပ်သော အဆောက်အအုံ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ ဆိပ်ကမ်း၊ ဆည်မြောင်းတာတမံ၊ လျှပ်စစ်ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်း၊ မီးရထားဘူတာရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ၊ မြို့တော်ခန်းမ၊ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကွန်ရက် စသည့် အဆောက်အဦများကို ဆိုသည်။

(ဃ) **ထိန်းသိမ်းပြင်ဆင်ခြင်း** ဆိုသည်မှာ မူလအသုံးပြုမှုပုံစံအရည်အသွေးအတိုင်း ပျက်စီးယိုယွင်းမှုမရှိစေရေး သို့မဟုတ် ပိုမိုကောင်းမွန်စေရေးအတွက် ပြင်ဆင်၍ ထိန်းသိမ်းကာကွယ်ခြင်းကိုဆိုသည်။

(င) **လုပ်ငန်းစီမံကိန်းမစတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်** ဆိုသည်မှာ စီမံချက်ရေးဆွဲခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံများထုတ်ခြင်း၊ ကုန်ကျစရိတ်နှင့် ရရှိမည့်လုပ်ဆောင်မှုရလဒ်စိစစ်ခြင်းတို့ကို ဆိုသည်။

(စ) **တည်ဆောက်မှုလုပ်ငန်းစဉ်** ဆိုသည်မှာ တည်ဆောက်ရေးစီမံကိန်းများစတင်ရန်အတွက် လိုအပ်သည့် သတ်မှတ်အရည်အချင်းရှိသည့် ကျွမ်းကျင်ပညာရှင်များ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့များအား ရွေးချယ်တာဝန်ပေးအပ်ခြင်း၊ လုပ်ငန်းလုပ်ဆောင်သည့် တည်ဆောက်သူများ၊ တည်ဆောက်ရေးပစ္စည်း၊ ယာဉ်ယန္တရားများနှင့်စက်ကိရိယာများကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရွေးချယ်ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးနည်းလမ်းများသတ်မှတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးချမှုပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အစားထိုးပြုပြင်အဆင့်မြှင့်ခြင်း၊ တစ်စိတ်တစ်ပိုင်းဖျက်သိမ်းခြင်း၊ အားလုံးဖျက်သိမ်းရှင်းလင်းခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအပြီးသတ်ခြင်းနှင့် မှတ်တမ်းတင်၍ လိုအပ်ချက်များရှိပါက ပြင်ဆင်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။

(ဆ) **အများပြည်သူသုံး အဆောက်အအုံ** ဆိုသည်မှာ ရုံး၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ စာကြည့်တိုက်၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ၊ ကားရပ်နားရန်နေရာ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အဆောက်အအုံ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ အားကစားကွင်း၊ အားကစားရုံ၊ ခန်းမ၊ ဈေး၊ ကုန်တိုက်၊ ဘဏ်နှင့် ဟိုတယ်စသည့် အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အအုံများကို ဆိုသည်။

(ဇ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုဆိုသည်။

(ဈ) **ဦးစီးကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီကို ဆိုသည်။

(ည) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့်ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနမှတစ်ပါး ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော အခြားဝန်ကြီးဌာနကိုဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကို ဆိုသည်။

(ဎ) **သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း** ဆိုသည်မှာ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝန်ကြီးဌာနကတာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာန၊ အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(ဏ) **လုပ်ငန်းပိုင်ရှင်**ဆိုသည်မှာ ပြည်ထောင်စု၏ ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးနှင့်သက်ဆိုင်သော စီမံကိန်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ လုပ်ငန်းတန်ဖိုးပေးချေခြင်း၊ စစ်ဆေးလက်ခံခြင်း၊ ပိုင်ဆိုင်အသုံးပြုခြင်းတို့ ဆောင်ရွက်သည့်အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များအား တာဝန်ယူစီမံဆောင်ရွက်သည့်အဖွဲ့အစည်းများ သို့မဟုတ် စီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်ပိုင်ဆိုင်သည့် အရင်းအမြစ်များနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုတို့ဖြင့် အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကုမ္ပဏီ သို့မဟုတ် ကိုယ်ပိုင်ငွေကြေးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ၏ ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီကိုဖြစ်စေ၊ ပုဂ္ဂလိကနေအိမ်များ၏ အိမ်ရှင်ကိုဖြစ်စေဆိုသည်။

(တ) **တည်ဆောက်သူ(ကန်ထရိုက်တာ)** ဆိုသည်မှာ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ ထိန်းသိမ်းပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် တည်ဆောက်ရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ထ) **အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့** ဆိုသည်မှာ နည်းပညာဆိုင်ရာ အတိုင်ပင်ခံ၊ အကြံပေးလုပ်ငန်းများကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ တည်ဆောက်ရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို တည်ဆောက်သူက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီးနောက်ပိုင်း ဆန်းစစ်သုံးသပ်ခြင်းတို့အားဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ တည်ဆောက်ရေးနှင့် သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးမျိုးကို ဒီဇိုင်းပုံစံများနှင့်အညီ တည်ဆောက်ခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းနယ်ပယ်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(န) **ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့** ဆိုသည်မှာ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းများထုတ်ခြင်း၊ တည်ဆောက်ရေး ခန့်မှန်းကုန်ကျစရိတ်များတွက်ချက်ခြင်း၊ မြေစမ်းသပ်ခြင်း သို့မဟုတ် ဘူမိနည်းပညာဆိုင်ရာ အထူးပြုဆောင်ရွက်ရသော အုတ်မြစ်လုပ်ငန်းကိုဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ မြန်မာနိုင်ငံဗိသုကာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် ဝန်ဆောင်မှုကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ပ) **တတိယအဖွဲ့အစည်း** ဆိုသည်မှာ လုပ်ငန်းပိုင်ရှင်၊ တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့တို့နှင့် ပတ်သက်ဆက်နွှယ်မှုမရှိသည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာနှင့် တည်ဆောက်ရေးနှင့် နီးနွှယ်ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့်ဖွဲ့စည်းပြီး အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ၊ အခြေခံအဆောက်အဦများကို ဒီဇိုင်းပုံစံစစ်ဆေးခြင်း၊ တည်ဆောက်ရေးကာလအတွင်း လိုအပ်သလို စစ်ဆေးခြင်းပြုရန် အရည်အချင်းများပြည့်မီ၍ ဦးစီးဌာနက မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဖ) **လုပ်ငန်းခွင်ကြီးကြပ်သူ** ဆိုသည်မှာ သက်ဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းပိုင်ရှင်က တာဝန်ပေးအပ်ထားသော မှတ်ပုံတင်အင်ဂျင်နီယာ သို့မဟုတ် ကြီးကြပ်သူကို ဆိုသည်။

(ဗ) **အရည်အသွေးထောက်ခံချက်လက်မှတ်** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းများကိုက်ညီမှုအား အသိအမှတ်ပြုဓာတ်ခွဲခန်းတွင် စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီကြောင်း အရည်အသွေးထောက်ခံချက်အတွက် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပေးထားသည့်လက်မှတ်ကို ဆိုသည်။

(ဘ) **အသိအမှတ်ပြုဓာတ်ခွဲခန်း** ဆိုသည်မှာ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ စံချိန်စံညွှန်းကိုက်ညီမှုအား စမ်းသပ်စစ်ဆေး၍ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေအရ အသိအမှတ်ပြုလွှာ ရရှိထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့် စံချိန်စံညွှန်းများကို ချမှတ်၍ တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်နှင့် ကြီးကြပ်စီမံဆောင်ရွက်နိုင်ရန်၊

(ခ) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာ နည်းပညာများအား မိမိနိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီဆီလျော်အောင် စဉ်ဆက်မပြတ်လေ့လာသုတေသနပြုအသုံးပြုနိုင်ရန်၊

(ဂ) အများပြည်သူများနှင့်အသုံးပြုသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးပြည့်မီကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော သဘာဝဘေးဒဏ်ခံ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စာမျက်နှာ ၄ သို့ ⊃

**စာမျက်နှာ ၃ မှအဆက်**

အခြေခံအဆောက်အဦများထွက်ပေါ်လာရန်၊

(ဃ) အခြေခံအဆောက်အဦများဆောက်လုပ်ရာတွင် သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့်စစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်ညီညွတ်စေရန်၊

( င ) တည်ဆောက်ပြီး အခြေခံအဆောက်အဦများ သက်တမ်းအလိုက် စဉ်ဆက်မပြတ်ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်းရေး၊ အရေးပေါ်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သောဝန်ကြီးဌာနများမှပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် **ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**ကို ဖွဲ့စည်းရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်ရေး၊ ပြည်ပမှတင်သွင်းသော တည်ဆောက်ရေးပစ္စည်းများနှင့် ပြည်တွင်းမှထုတ်လုပ်သော တည်ဆောက်ရေးပစ္စည်းများအရည်အသွေးပြည့်မီခြင်း ရှိ မရှိ စိစစ်ကြပ်မတ်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာလုပ်ငန်းတာဝန်အလိုက် ဦးစီးကော်မတီများ၊ ဆပ်ကော်မတီနှင့် အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၈။ ဗဟိုကော်မတီသည် တည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော အငြင်းပွားမှုများအားဖြေရှင်းရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် တည်ဆောက်ရေးဘာသာရပ်ဆိုင်ရာကျွမ်းကျင်၍ အတွေ့အကြုံရှိသူတစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဦးစီးဌာနမှ အရာထမ်းတစ်ဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားသင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ လုပ်ငန်းတာဝန်သတ်မှတ်ဖွဲ့စည်းနိုင်သည်။

၉။ **ဗဟိုကော်မတီ**၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆောက်လုပ်မှုကဏ္ဍကို စနစ်ကျန၍ တစ်ပြေးညီကျင့်သုံးအကောင်အထည်ဖော်နိုင်ရန် မူဝါဒနှင့်စံချိန်စံညွှန်းများချမှတ်ခြင်း၊

( ခ ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်လာသည့် တည်ဆောက်ရေးဆိုင်ရာနည်းပညာများအား လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် နည်းပညာများ ပြန့်ပွားရန် ဆောင်ရွက်စေခြင်း၊

( ဂ ) ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများဆောက်လုပ်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြလျှင်ဖြစ်စေ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့် ၁၄၀ ပေအထက် အဆောက်အအုံများသို့မဟုတ် အမြင့် ၆၈ ပေအထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက်အသုံးပြုမည့်ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သောအဆောက်အအုံများ၊ အဆိပ်အတောက်နှင့်ပေါက်ကွဲစေတတ်သောအရာဝတ္ထုသိုလှောင်ရုံများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာဦးစီးကော်မတီကတင်ပြလာလျှင်ဖြစ်စေ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းများနှင့်ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့်လုပ်ငန်းများအား ပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

( င ) ပုဂ္ဂလိကအစီအစဉ်ဖြင့်ဆောင်ရွက်သော ၁၂ ထပ်အထက် သို့မဟုတ် အမြင့် ၁၄၀ ပေအထက် အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း(Basement)ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့်ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့်ပေါက်ကွဲစေတတ်သောအရာဝတ္ထုသိုလှောင်ရုံများကို အင်ဂျင်နီယာပညာရပ်ဆိုင်ရာပညာရှင်များဖြင့် ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်စစ်ဆေးစေ၍ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့်လုပ်ငန်းများအားပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

( စ ) ပုဒ်မခွဲ (ဃ) နှင့်(င)တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား ကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကတင်ပြပါက အတည်ပြုခြင်း၊

(ဆ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန် လမ်းညွှန်မှုပေးခြင်းနှင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း၊

( ဇ ) တည်ဆောက်ရေးနယ်ပယ်အလိုက် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသည့် အခြေခံအဆောက်အဦများရရှိရေးအတွက် စိစစ်ကြပ်မတ်နိုင်ရန် နိုင်ငံတော်၏ ဆောက်လုပ်မှုကဏ္ဍကို တာဝန်ယူဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းအသီးသီးသို့ တာဝန်ပေးအပ်ခြင်း၊

( ဈ ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များဖွံ့ဖြိုးတိုးတက်ရေး၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရေး၊ နည်းပညာများသင်ကြားရေး၊ လုပ်ငန်းကျွမ်းကျင်မှုလေ့ကျင့်ရေး၊ အတတ်ပညာများ၊ နည်းပညာများနှီးနှောဖလှယ်ရေး၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အတွေ့အကြုံများပြန့်ပွားရေးတို့တွင် ဒေသဆိုင်ရာအပါအဝင် နိုင်ငံတကာပညာရှင်အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ၊ သုတေသနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင် စနစ်တကျဦးဆောင်မှုပေးခြင်း၊

(ည) ဦးစီးကော်မတီများ၊ ဒေသဆိုင်ရာကော်မတီများနှင့်ဆောက်လုပ်မှုကဏ္ဍကြီးကြပ်စစ်ဆေးရေးအတွက်တာဝန်ယူဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးပြည့်မီရေး၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုများပေးခြင်း၊ ကြပ်မတ်စစ်ဆေးနိုင်ခွင့်တိုးမြှင့်အပ်နှင်းခြင်း သို့မဟုတ် လျှော့ချခြင်း၊

( ဋ ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သည့်အဖွဲ့အစည်းအားလုံးအချင်းချင်း အပြန်အလှန်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လိုအပ်သည့်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး ကူညီပံ့ပိုးပေးခြင်း၊

( ဌ ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့၊ တတိယအဖွဲ့အစည်းများ သို့မဟုတ် တည်ဆောက်သူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အရည်အချင်းသတ်မှတ်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

( ဍ ) လုံခြုံစိတ်ချရပြီး စံချိန်စံညွှန်းများနှင့်အရည်အသွေးပြည့်မီသည့် အဆောက်အအုံများဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာမှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်ခြင်းရှိမရှိဦးစီးဌာန၏တင်ပြချက်အပေါ်အတည်ပြုနိုင်ရန် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးခြင်း၊

( ဎ ) ဦးစီးဌာနက တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်းတို့နှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊ စိစစ်ခြင်းနှင့်လမ်းညွှန်မှုပေးခြင်း၊

(ဏ) ဦးစီးဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက အရည်အသွေး ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းများအပေါ် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(တ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အဦများရရှိစေရေး အခြားလိုအပ်သောစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခြင်း။

၁၀။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဒေသဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ဗဟိုကော်မတီသည် ဒေသဆိုင်ရာကော်မတီကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံများ၊ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဝါရင့်ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်တစ်ဦး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီးတစ်ဦးကို အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာနမှ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်တစ်ဦးကို တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်းပါဝင်စေလျက်ဖွဲ့စည်းရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီသည် လုပ်ငန်းတာဝန်များအရ လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစဉ်၊ စံချိန်စံညွှန်းများနှင့် အရည်အသွေးစသည့်ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းရန်သော်လည်းကောင်း၊ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကဖြစ်စေ အရည်အသွေးပြည့်မီခြင်း ရှိ မရှိစစ်ဆေးပေးရန် အကြောင်းကြားလျှင်သော်လည်းကောင်း၊ တိုင်ကြားစာလက်ခံရရှိလျှင်သော်လည်းကောင်း အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၃။ ဒေသဆိုင်ရာကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံခြားချေးငွေ သို့မဟုတ် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ သို့မဟုတ် ပုဂ္ဂလိကအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ၉ ထပ်မှ ၁၂ ထပ်သို့မဟုတ်အမြင့် ၁၀၀ ပေမှ ၁၄၀ ပေ အထိ အဆောက်အအုံများ သို့မဟုတ် အမြင့် ၄၀ ပေမှ ၆၈ ပေအထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံးအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကတင်ပြလျှင် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းများနှင့်ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအား အခါအားလျော်စွာ တာဝန်ပေးအပ်စစ်ဆေးစေ၍ အရည်အသွေးပြည့်မီမှုမရှိသောလုပ်ငန်းများအားပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်စေခြင်း၊

( ဂ ) ပုဂ္ဂလိကအစီအစဉ်ဖြင့်ဆောင်ရွက်သော ၉ ထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေအထိ အဆောက်အအုံများ သို့မဟုတ် အမြင့် ၄၀ ပေမှ ၆၈ ပေအထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံး အဆောက်အအုံများနှင့်ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းများနှင့်ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စိစစ် ဆောင်ရွက်စေခြင်း၊ တင်ပြလာသော အရည်အသွေးပြည့်မီမှုမရှိသည့်လုပ်ငန်းများအားပြင်ဆင်စေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း၊

(ဃ) ပုဒ်မခွဲ(ခ)နှင့်(ဂ)တို့နှင့်အညီ ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်း၍ ပြန်လည်တည်ဆောက်ခြင်းပြုလုပ်စဉ်ကာလတွင် သက်ဆိုင်ရာဦးစီးဌာန၊

**စာမျက်နှာ ၅ သို့**

⊃ စာမျက်နှာ ၄ မှအဆက်

အဖွဲ့အစည်း သို့မဟုတ် တတိယအဖွဲ့အစည်းအားကြီးကြပ်စေပြီး တည်ဆောက်ပြီးနောက် အရည်အသွေးပြည့်မီကြောင်း သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းက တင်ပြပါက အတည်ပြုခြင်း၊

( င ) ၉ ထပ်အောက်အဆောက်အအုံများနှင့် ဧရိယာ ၁၀၀၀၀ စတုရန်းပေအောက် အများပြည်သူသုံးအဆောက်အအုံများ၊ အမြင့် ၄၀ ပေအောက် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို တည်ဆောက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အတည်ပြုထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှု ရှိ မရှိ စိစစ်ဆောင်ရွက်စေရန် သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသို့ လမ်းညွှန်မှုပေးခြင်းနှင့် ကြပ်မတ်စစ်ဆေးခြင်း၊

( စ ) ဗဟိုကော်မတီမှချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်း၊

( ဆ ) ဒီဇိုင်းပုံစံနှင့် နည်းပညာဆိုင်ရာ လိုအပ်ပါက ဗဟိုကော်မတီသို့ စစ်ဆေးမှုနှင့်ပတ်သက်သည့် အကူအညီတောင်းခံခြင်း၊ ဗဟိုကော်မတီ အစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းတင်ခြင်း၊

( ဇ ) ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်သည့် စီမံကိန်းများကို မှတ်ပုံတင်စာရင်းထားရှိ၍ ထိန်းသိမ်းခြင်း၊

( ဈ ) တည်ဆောက်သူများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များအတွက် အလေ့အကျင့်ကောင်းများရရှိစေရန် ပညာပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အကဲဖြတ်မှတ်တမ်းများကို ဦးစီးဌာနသို့ပေးပို့ခြင်း၊

( ည ) ဘဏ္ဍာနှစ်အလိုက်ဒေသတွင်းရှိတည်ဆောက်ရေးပစ္စည်းဈေးနှုန်းများ၊ လုပ်အားခနှုန်းထားများနှင့် သယ်ယူပို့ဆောင်ခနှုန်းထားများကို အတည်ပြုထုတ်ပြန်ပေးခြင်း၊

( ဋ ) ဒေသတွင်းတည်ဆောက်ရေးပစ္စည်းထုတ်လုပ်သူများ၊ ပေးသွင်းသူများအား စနစ်တကျမှတ်ပုံတင်ထားရှိခြင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် ထုတ်ကုန်များကိုသာထုတ်လုပ်ရန်နှင့် အသုံးပြုရန် ကြပ်မတ်ခြင်း၊

( ဌ ) ကျွမ်းကျင်လုပ်သားနှင့် လုပ်ငန်းခွင်ကြီးကြပ်သူများအား သင်တန်းပေးခြင်း၊ စိစစ်အကဲဖြတ်ခြင်းတို့ဆောင်ရွက်ခြင်း၊

( ဍ ) ဒေသတွင်းကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေးအတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်အကဲဖြတ်မှတ်ပုံတင်ထားရှိရေးအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဎ ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်းပြည်ပဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ကျင်းပရေး၊ တက်ရောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လိုအပ်သလိုစီမံဆောင်ရွက်ခြင်း၊

( ဏ ) ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို တည်ဆဲစည်းမျဉ်းများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့်ညီညွတ်မှုရှိစေရန် တည်ဆောက်ရေးလုပ်ငန်းများကိုစိစစ်ရန် စိစစ်ကြပ်မတ်ရေးအဖွဲ့အား တာဝန်ပေးအပ်ခြင်း၊

( တ ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရသော လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၏အမည်စာရင်းအား မှတ်တမ်းပြုစု၍ ဗဟိုကော်မတီသို့ပေးပို့ခြင်း။

၁၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူးရုံးသည် ဒေသဆိုင်ရာကော်မတီ၏ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၁၅။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် –

( က ) လိုအပ်ပါက တည်ဆောက်ရေးလုပ်ငန်းများစီမံခန့်ခွဲရေး ပညာရှင်အဖွဲ့၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ စိစစ်သုံးသပ်ရေးပညာရှင်အဖွဲ့၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့နှင့်အခြားဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်အဖွဲ့များကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးခြင်း၊

( ခ ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များအား နိုင်ငံတကာ၏ တိုးတက်ပြောင်းလဲလာသည့် နည်းပညာစံနှုန်းများ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲနေသောအခြေအနေများနှင့်အညီ ပြင်ဆင်ရေးဆွဲခြင်း၊

( ဂ ) ခေတ်မီနည်းပညာပြန့်ပွားရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆောက်လုပ်မှုကဏ္ဍအလိုက် တာဝန်ပေးအပ်ဆောင်ရွက်စေခြင်း၊ ခေတ်မီနည်းပညာများ ပြုစုလေ့လာ၍ တင်ပြခြင်း၊ နည်းပညာများကို ဖြန့်ဝေပေးခြင်း၊

( ဃ ) ဆောက်လုပ်မှုကဏ္ဍနှင့်သက်ဆိုင်သော ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗိသုကာနှင့်အင်ဂျင်နီယာပညာရပ်များ သင်ကြားမှုအဆင့်အတန်းမြင့်မားစေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော နိုင်ငံတကာ၏တည်ဆောက်ရေးဆိုင်ရာနည်းပညာများကို လေ့လာသုတေသနပြု၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် နည်းပညာပြန့်ပွားစေရေး သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ အကြံပြုတင်ပြခြင်း၊

( င ) လုပ်ငန်းခွင်ကြီးကြပ်သူများ၏အရည်အသွေးမြှင့်တင်နိုင်ရန်နှင့်ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ရေး သင်ရိုးညွှန်းတမ်းများ၊ မူဝါဒများရေးဆွဲပြုစု၍ ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာကော်မတီအသီးသီးသို့ပေးပို့ခြင်း၊

( စ ) တည်ဆောက်သူ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စည်းကမ်းများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သည့်အဖွဲ့များ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ ပညာရပ်အလိုက် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ရေးဆွဲ၍ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ခြင်း၊

( ဆ ) အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ တတိယအဖွဲ့အစည်းများ၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့်တည်ဆောက်သူများကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များထုတ်ပြန်ခြင်း၊ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

( ဇ ) လုပ်ငန်းနယ်ပယ်အလိုက်မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးသည့်စာရင်းများအား မှတ်ပုံတင်အမျိုးအစားအလိုက်စုစည်း၍ မှတ်တမ်းထားရှိခြင်း၊

( ဈ ) တည်ဆောက်ရေးထုတ်ကုန်၊ တည်ဆောက်ရေးပစ္စည်းများ၏ စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ရန် အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ည ) ဆောက်လုပ်မှုကဏ္ဍရှိ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ ဥပဒေအရ အသိအမှတ်ပြုလွှာရရှိထားသည့် ဦးစီးဌာန၏ခေတ်ခွဲခန်း၌ စစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီကြောင်း အရည်အသွေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

( ဋ ) အရည်အသွေးထောက်ခံချက်လက်မှတ်ရရှိထားသည့် တည်ဆောက်ရေးပစ္စည်းများ၏ မှတ်တမ်းနှင့်အသေးစိတ်အချက်အလက်များကို မှတ်ပုံတင်စာရင်းထားရှိ၍ ထိန်းသိမ်းခြင်း၊

( ဌ ) ဗဟိုကော်မတီကပေးအပ်သည့်လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၁၆။ ဦးစီးဌာနသည် မိမိ၏လုပ်ငန်းများကိုဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းအမျိုးအစားများအတွက် လိုအပ်ပါက ပြင်ပကျွမ်းကျင်ပညာရှင်များကို ငှားရမ်းဆောင်ရွက်ခွင့်ရှိသည် –

( က ) မြို့ပြစီမံကိန်းများ၊ ဗိသုကာ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ရေသန့်၊ လျှပ်စစ်၊ အခြေခံအဆောက်အဦဒီဇိုင်းပုံစံများအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

( ခ ) ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည်စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆောက်ရေးလုပ်ငန်း လမ်းညွှန်များရေးဆွဲပြုစုခြင်း၊

( ဂ ) ဆောက်လုပ်မှုနည်းပညာ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်း၊ တည်ဆောက်မှုလုပ်ငန်းလိုအပ်ချက်များ ဖြည့်တင်းခြင်းတို့အတွက် ပညာရပ်ဆိုင်ရာလမ်းညွှန်၊ လက်စွဲစာစောင်များပြုစုခြင်း၊

( ဃ ) သုတေသနနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း (၆)
## တည်ဆောက်သူ

၁၇။ ဤဥပဒေပါလုပ်ငန်းများကို တည်ဆောက်သူအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

( ခ ) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းခွင်ကြီးကြပ်သူတစ်ဦး အနည်းဆုံး ပါဝင်ရမည်။

( ဂ ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်း သတ်မှတ်ချက်များရှိရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို ရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

( ခ ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၁၉။ (က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က)အရ တင်ပြချက်ကိုလက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

( ခ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

( ဂ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူ အား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၂၀။ တည်ဆောက်သူသည် အောက်ပါစည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

( ခ ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

( ဂ ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရမည်။

(ဃ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

( င ) အတည်ပြုဒီဇိုင်းပုံစံနှင့် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရမည်။

၂၁။ တည်ဆောက်သူသည် လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်ရေးလုပ်ငန်းကိုဆောင်ရွက်ခွင့်ရှိသည်။

၂၂။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တည်ဆောက်သူအဖြစ် ဆက်လက် ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့် နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုး လျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟုမှတ်ယူရမည်။

( ဂ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၇)
## အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့

၂၃။ အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသည့် လူပုဂ္ဂိုလ် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) အကြံပေးပညာရှင်အဖြစ် ဆောင်ရွက်လိုသူသည် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူဖြစ်ရမည်။

( ခ ) အကြံပေးပညာရှင်အဖွဲ့အဖြစ်ဆောင်ရွက်လိုပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည့်အပြင် စာမျက်နှာ ၆ သို့ ⊃

⊃ စာမျက်နှာ ၅ မှအဆက်

ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူတစ်ဦးစီ အနည်းဆုံး ပါဝင်ရမည်။

(ဂ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်သည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည့်အပြင် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဖြစ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းသတ်မှတ်ချက်များရှိရမည်။

၂၄။ ဦးစီးဌာနသည် ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကိုရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၂၅။ (က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့်ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၂၆။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကိုလိုက်နာရမည်။

၂၇။ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ တည်ဆောက်မှုလုပ်ငန်းစဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးအကြံပြုခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းခြင်းဆိုင်ရာ အကြံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ် မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၂၈။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါသတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင်အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟုမှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည်ပုဒ်မခွဲ (က)အရ သက်တမ်းတိုးလျှောက်ထားခြင်းအပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၈)

## လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့

၂၉။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ်ဆောင်ရွက်လိုသည့် အောက်ပါ အရည်အချင်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် –

(က) တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး၊ ဆောင်ရွက်မည့် ဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ရရှိသူတစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့်အရည်အချင်းသတ်မှတ်ချက်များရှိရမည်။

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၂၉ အရ လျှောက်ထားချက်ကိုရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၃၁။ (က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၀ ပုဒ်မခွဲ (က) အရ တင်ပြချက်ကိုလက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၃၂။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကိုလိုက်နာရမည်။

၃၃။ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါတို့ကိုဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင်ထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ဆောင်ရွက်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့်သတ်မှတ်ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီစေရန် တည်ဆောက်ရေးစီမံချက်ရေးဆွဲခြင်း၊ တည်ဆောက်နေစဉ်ကာလတွင် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီစေရန် ကြီးကြပ်ခြင်း၊ တည်ဆောက်ပြီးနောက်ပိုင်း ဆန်းစစ်သုံးသပ်ခြင်းတို့အား ဆောင်ရွက်ခြင်း။

၃၄။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟုမှတ်ယူရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုးလျှောက်ထားခြင်း အပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း(၉)

## လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့

၃၅။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ်ဆောင်ရွက်လိုသည့်အောက်ပါ အရည်အချင်းများနှင့်ကိုက်ညီသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့လျှောက်ထားရမည် –

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူတစ်ဦး အနည်းဆုံးပါဝင်ရမည်။

(ခ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်နှင့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိသူတစ်ဦးစီ အနည်းဆုံးပါဝင်ရမည်။

(ဂ) လုပ်ငန်းခွင်တွင် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ရန် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းအတွေ့အကြုံရှိသူ မှတ်ပုံတင်အင်ဂျင်နီယာ အနည်းဆုံးသုံးဦးပါဝင်ရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့်အရည်အချင်းသတ်မှတ်ချက်များ ရှိရမည်။

၃၆။ ဦးစီးဌာနသည် ပုဒ်မ ၃၅ အရ လျှောက်ထားချက်ကိုရရှိပါက –

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၃၇။ (က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၆ ပုဒ်မခွဲ (က)အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့်ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ပြန်လည်ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့်လျှောက်လွှာအားလုံးကို စနစ်တကျမှတ်တမ်းတင်ထားရမည်။

၃၈။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် အတည်ပြုထုတ်ပြန်ထားသည့် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် စစ်ဆေးသူလက်စွဲများကို လိုက်နာရမည်။

၃၉။ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့သည် အောက်ပါတို့ကိုဆောင်ရွက်ခွင့်ရှိသည် –

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန် တာဝန်ပေးအပ်သည့်အဖွဲ့အစည်းထံမှ အခကြေးငွေသတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် အရည်အသွေးစစ်ဆေးခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၀။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့အဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။ **စာမျက်နှာ ၇ သို့ ⊃**

⊃ စာမျက်နှာ ၆ မှအဆက်

( ခ ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါမှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

( ဂ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုး လျှောက်ထားခြင်း အပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း(၁၀)**

**တတိယအဖွဲ့အစည်း**

၄၁။ တတိယအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လိုသည့် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တည်ဆောက်ရေးဆိုင်ရာနှင့် ဖွဲ့စည်းတည်ဆောက်ပုံ ဒီဇိုင်းဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိသူ တစ်ဦးစီအနည်းဆုံးပါဝင်ရမည်။

( ခ ) ဆောင်ရွက်မည့် သက်ဆိုင်ရာဆက်စပ်လုပ်ငန်းနယ်ပယ်အလိုက် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် သို့မဟုတ် မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်နှင့် အကြီးတန်းဗိသုကာလိုင်စင် သို့မဟုတ် ဗိသုကာလိုင်စင်ရရှိသူများ ပါဝင်ရမည်။

( ဂ ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်း သတ်မှတ်ချက်များရှိရမည်။

၄၂။ ဦးစီးဌာနသည် ပုဒ်မ ၄၁ အရလျှောက်ထားချက်ကိုရရှိပါက -

(က) သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခြင်း ဟုတ် မဟုတ် စိစစ်ပြီး ပြည့်စုံပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်သင့် မသင့်၊ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်ဖြင့် မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

( ခ ) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ပြင်ဆင်လျှောက်ထားရန် လျှောက်ထားသူအား လျှောက်ထားလွှာနှင့်အတူ အကြောင်းကြားစာ ပေးပို့ရမည်။

၄၃။ (က) မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီသည် ပုဒ်မ ၄၂ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပြီးနောက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အရည်အချင်းနှင့် ကိုက်ညီကြောင်း ထောက်ခံတင်ပြလာပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူ၍ အတည်ပြုထုတ်ပေးရမည်။ အရည်အချင်းနှင့် ကိုက်ညီခြင်းမရှိကြောင်း တင်ပြလာပါက ငြင်းပယ်ခြင်းပြုပြီး မိမိ၏ဆုံးဖြတ်ချက်နှင့်အတူ လျှောက်လွှာကို ဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်။

( ခ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အတည်ပြုကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား မှတ်ပုံတင်ကြေးပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

( ဂ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ ငြင်းပယ်ကြောင်း လက်ခံရရှိပါက လျှောက်ထားသူအား ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် လျှောက်လွှာအားလုံးကို စနစ်တကျ မှတ်တမ်းတင်ထားရမည်။

၄၄။ တတိယအဖွဲ့အစည်းသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

( ခ ) သက်ဆိုင်ရာဘာသာရပ်အလိုက် ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူဆောင်ရွက်ရမည်။

( ဂ ) မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် လက်စွဲများကို လိုက်နာရမည်။

၄၅။ တတိယအဖွဲ့အစည်းသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(က) လုပ်ငန်းပိုင်ရှင် သို့မဟုတ် စစ်ဆေးရန်တာဝန်ပေးအပ်သည့် အဖွဲ့အစည်းထံမှ အခကြေးငွေ သတ်မှတ်ရယူပြီး လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆို၍ ဗိသုကာနှင့် ဖွဲ့စည်းတည်ဆောက်ပုံဒီဇိုင်းများ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးအတည်ပြုခြင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ်နှင့် ဆောင်ရွက်ပြီးကာလတွင် တည်ဆောက်မှုလုပ်ငန်းစဉ်နှင့် အရည်အသွေးပြည့်မီမှု ရှိ မရှိ စစ်ဆေးအတည်ပြုခြင်း၊

( ခ ) လုပ်ငန်းနယ်ပယ်အလိုက် ဒီဇိုင်းပုံစံများ စံချိန်စံညွှန်းများနှင့် မကိုက်ညီခြင်း၊ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းစဉ်မမှန်ခြင်း၊ စံချိန်စံညွှန်းမပြည့်မီခြင်းများ တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း။

၄၆။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် တတိယအဖွဲ့အစည်းအဖြစ် ဆက်လက်ဆောင်ရွက်လိုသူသည် သက်တမ်းစေ့ရောက်သည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ ဦးစီးဌာနသို့ သက်တမ်းတိုးလျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်တွင် သက်တမ်းတိုးလျှောက်ထားခြင်း မရှိပါက သက်တမ်းစေ့ရောက်သည့်နေ့တွင် အဆိုပါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

( ဂ ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သက်တမ်းတိုးလျှောက်ထားခြင်း အပေါ် မှတ်ပုံတင်လက်မှတ်စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၏ အတည်ပြုချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း (၁၁)**

**အရည်အသွေးထောက်ခံချက်လက်မှတ်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း**

၄၇။ ပြည်ပမှတင်သွင်းလာသော တည်ဆောက်ရေးပစ္စည်းများ သို့မဟုတ် ပြည်တွင်းထုတ်လုပ်သောတည်ဆောက်ရေးပစ္စည်းများနှင့်ပတ်သက်၍ အရည်အသွေး ထောက်ခံချက်လက်မှတ် လျှောက်ထားလိုသည့် လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါအထောက်အထားများပူးတွဲ၍ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည် -

(က) စမ်းသပ်စစ်ဆေးမည့် တည်ဆောက်ရေးပစ္စည်းနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ၊ စာရွက်စာတမ်းအထောက်အထားအပြည့်အစုံ၊

( ခ ) စမ်းသပ်စစ်ဆေးမည့် ပစ္စည်းနမူနာ၊ လိုအပ်သည့်အတိုင်းအတာ အရေအတွက်၊

( ဂ ) စစ်ဆေးစမ်းသပ်သည့် အဖိုးအခပေးသွင်းပြီးကြောင်း အထောက်အထား။

၄၈။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် လျှောက်လွှာ လက်ခံရရှိလျှင် သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှု ရှိ မရှိစစ်ဆေးရန် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်းသို့ ပစ္စည်းနမူနာပေးပို့ရမည်။

၄၉။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် အသိအမှတ်ပြုလွှာရရှိသည့် ဓာတ်ခွဲခန်း၏ အရည်အသွေးပြည့်မီကြောင်း အစီရင်ခံစာအပေါ် စစ်ဆေးပြီး အရည်အသွေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**အခန်း (၁၂)**

**တည်ဆောက်ရေးလုပ်ငန်းများလျှောက်ထားခြင်း၊**
**ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း**

၅၀။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၉ ထပ်မှ ၁၂ ထပ် သို့မဟုတ် အမြင့် ၁၀၀ ပေ မှ ၁၄၀ ပေအထိ မြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ၄၀ ပေမှ ၆၈ ပေ အထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံး အဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာဥပဒေပါ သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့် ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုပါက မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့၍ လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းထားရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်တကွ မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့ရမည်။

( င ) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ (ဃ) အရ ဒေသဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက်မူရင်းကို လျှောက်ထားသူအားပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက် မိတ္တူကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအားပေးပို့ရမည်။

၅၁။ (က) ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၁၂ ထပ် အထက် သို့မဟုတ် အမြင့် ၁၄၀ ပေ အထက် မြင့်သည့် အဆောက်အအုံ၊ အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့် အများပြည်သူသုံး အဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သောအဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံဆောက်လုပ်လိုသူသည်သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ သက်ဆိုင်ရာဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ (က) အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီ စိစစ်ပြီးခွင့်ပြုလိုပါက ဒေသဆိုင်ရာကော်မတီသို့ မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်အား တင်ပြရမည်။

( ဂ ) ပုဒ်မခွဲ (က)အရ လက်ခံရရှိသည့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် မိမိတို့နှင့် သက်ဆိုင်သည့်ဥပဒေနှင့်အညီစိစစ်ပြီး ငြင်းပယ်လိုပါက လျှောက်ထားသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားရမည်။

(ဃ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ လျှောက်ထားချက်ကို ဗဟိုကော်မတီသို့ တင်ပြရမည်။

( င ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (ဃ) အရ တင်ပြချက်ကို လက်ခံရရှိလျှင် ဦးစီးကော်မတီအား အဆိုပါလျှောက်ထားချက်အပေါ် ခွင့်ပြုရန် သင့် မသင့် စိစစ်တင်ပြရန် တာဝန်ပေးအပ်ရမည်။

( စ ) ဦးစီးကော်မတီသည် ပုဒ်မခွဲ (င) အရ တာဝန်ပေးအပ်ခြင်းခံရပါက စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် မိမိ၏သဘောထားမှတ်ချက်ကို လျှောက်ထားချက်နှင့်အတူ တင်ပြရမည်။

(ဆ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (စ) အရ ဦးစီးကော်မတီက ခွင့်ပြုသင့်ကြောင်းတင်ပြလျှင် လျှောက်ထားချက်ကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး မိမိ၏ခွင့်ပြုချက်ကို ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ပေးပို့ရမည်။ ငြင်းပယ်ပါက လျှောက်ထားချက်နှင့်အတူ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို ဒေသဆိုင်ရာ ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ရမည်။

( ဇ ) သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် ပုဒ်မခွဲ (ဆ) အရ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို မိတ္တူကူးယူ၍ မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ခွင့်ပြုချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူကို မိမိထံတွင် မှတ်တမ်းတင်သိမ်းဆည်းပြီး ဆုံးဖြတ်ချက်မူရင်းကို လျှောက်ထားသူအား ပေးပို့ရမည်။

၅၂။ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ၉ ထပ်အောက် သို့မဟုတ် အမြင့်ပေ ၁၀၀ အောက် အဆောက်အအုံ သို့မဟုတ် ဧရိယာ ၁၀၀၀၀ စတုရန်းပေအောက် အများပြည်သူသုံးအဆောက်အအုံ ဆောက်လုပ်လိုသူသည် သက်ဆိုင်ရာစည်ပင်သာယာရေးဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်သည်။

**အခန်း (၁၃)**

**တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း**

၅၃။ ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီက တည်ဆောက်ရေးလုပ်ငန်းများအား စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးရန် လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာ ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများကို -

(က) ဗိသုကာနှင့် ဒီဇိုင်းပုံစံများကို လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ် စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲထားခြင်း ရှိ မရှိ စစ်ဆေးရမည်။

( ခ ) အရည်အသွေးထောက်ခံချက်လက်မှတ်ရရှိထားသောတည်ဆောက်ရေးပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း ရှိ မရှိ နှင့် သတ်မှတ်တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်အညီ တည်ဆောက်ထားခြင်း ရှိ မရှိ စစ်ဆေးရမည်။

( ဂ ) တည်ဆောက်ဆဲ သို့မဟုတ်တည်ဆောက်ပြီးသည့်အခြေခံအဆောက်အဦ သို့မဟုတ်အများပြည်သူသုံးအဆောက်အအုံများ ဘေးအန္တရာယ်ကင်းရှင်းပြီး သတ်မှတ်အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ အခါအားလျော်စွာစစ်ဆေးရမည်။

(ဃ) တည်ဆောက်ရေးနှင့် သက်ဆိုင်သည့်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းအပ်နှံခံရသည့် တည်ဆောက်သူ၊ ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ အကြံပေးပညာရှင်သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တတိယအဖွဲ့အစည်းတို့က လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကြီးကြပ်ရမည်။

၅၄။ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နိုင်ငံတော်အဆင့်အခြေခံ အဆောက်အဦ တည်ဆောက်ရေးစီမံကိန်းကြီးများ၊ ပုဂ္ဂလိကအစီအစဉ်ဖြင့် ဆောင်ရွက်သည့်၁၂ထပ်အထက်သို့မဟုတ်အမြင့်၁၄၀ ပေ အထက်အဆောက်အအုံများ သို့မဟုတ် အမြင့် ၆၈ ပေ အထက် ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံများ၊ ၁၂ ထပ်အောက် ဖြစ်သော်လည်း လူ ၅၀၀ နှင့် အထက် အသုံးပြုမည့်ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် အများပြည်သူသုံးအဆောက်အအုံများ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံများ၊ အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းကိုအပ်နှံ၍ စစ်ဆေးခြင်းဆောင်ရွက်ရမည်။

**စာမျက်နှာ ၈ သို့ ⊃**

⊃ စာမျက်နှာ ၇ မှအဆက်

**အခန်း (၁၄)**

**စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းအရ အရေးယူခြင်း**

၅၅။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသည် တားမြစ်ချက်များမှအပ ဤဥပဒေအရ ထုတ်ပြန်သော စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် မည်သည့်မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူမဆို သို့မဟုတ် မည်သည့်ဆောက်လုပ်မှုကဏ္ဍနှင့် သက်ဆိုင်သူမဆို အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

( ခ ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

**အခန်း (၁၅)**

**အယူခံခြင်း**

၅၆။ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၅၇။ (က) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မ ၅၆ အရ တင်ပြသည့် အယူခံလျှောက်ထားချက်အပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

( ခ ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း (၁၆)**

**တားမြစ်ချက်များ**

၅၈။ မည်သည့်တည်ဆောက်သူ၊ အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့၊ လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တတိယအဖွဲ့အစည်းမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

၅၉။ မည်သူမျှ တည်ဆောက်ရေးလုပ်ငန်းအတွက် ခွင့်ပြုချက်ရရှိရန်တင်ပြရာတွင် မမှန်ကန်သည့် အထောက်အထားများ တင်ပြလျှောက်ထားခြင်း မပြုရ။

၆၀။ မည်သူမျှ အဆောက်အအုံတည်ဆောက်ရာတွင် မူလခွင့်ပြုသတ်မှတ်ထားသည့် ဒီဇိုင်းပုံစံပါ အထပ်အမြင့် သို့မဟုတ် အထပ်အရေအတွက်ထက်ကျော်လွန်၍ တည်ဆောက်ခြင်း မပြုရ။

၆၁။ မည်သူမျှ အရည်အသွေးထောက်ခံချက်လက်မှတ် မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၆၂။ မည်သည့် အကြံပေးပညာရှင် သို့မဟုတ် အကြံပေးပညာရှင်အဖွဲ့၊ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့မျှ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် မကိုက်ညီသည့် အကြံဉာဏ်ပေးခြင်း၊ စီမံခန့်ခွဲခြင်းမပြုရ။

၆၃။ မည်သည့် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးအဖွဲ့၊ တတိယအဖွဲ့အစည်းမျှ တည်ဆောက်ရေးလုပ်ငန်းစစ်ဆေးရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိဘဲ စစ်ဆေးအတည်ပြုခြင်း သို့မဟုတ် အရည်အသွေးပြည့်မီကြောင်းထောက်ခံခြင်း မပြုရ။

၆၄။ မည်သည့် တည်ဆောက်သူမျှ အရည်အသွေးပြည့်မီခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသော မိမိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီးအဆောက်အအုံ သို့မဟုတ် မည်သည်ကိုမဆို အရည်အသွေးပြည့်မီအောင် ပြင်ဆင်တည်ဆောက်ခြင်းမပြုဘဲ လုပ်ငန်းပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၆၅။ မည်သူမျှ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အမြင့် ၆၈ ပေအထက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ၁၂ ထပ်အထက် သို့မဟုတ် အမြင့် ၁၄၀ ပေအထက်မြင့်သည့် အဆောက်အအုံ၊ ၁၂ ထပ်တွင် မြေအောက်ခန်း (Basement) ပါဝင်သော အဆောက်အအုံ၊ ၁၂ ထပ်အောက်ဖြစ်သော်လည်း လူ ၅၀၀ နှင့်အထက် အသုံးပြုမည့် ဧရိယာ ၁၂၀၀၀ စတုရန်းပေအထက် ကျယ်ဝန်းသည့် အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော အဆောက်အအုံ သို့မဟုတ် အဆိပ်အတောက်နှင့် ပေါက်ကွဲစေတတ်သော အရာဝတ္ထုသိုလှောင်ရုံကို တည်ဆောက်ခြင်းမပြုရ။

၆၆။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ၉ ထပ်မှ ၁၂ ထပ်အထိ သို့မဟုတ် အမြင့် ၁၀၀ ပေမှ ၁၄၀ ပေအထိမြင့်သည့်အဆောက်အအုံ သို့မဟုတ် အမြင့် ၄၀ ပေမှ ၆၈ ပေအထိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ ဧရိယာ ၁၀၀၀၀ မှ ၁၂၀၀၀ စတုရန်းပေအထိ အများပြည်သူသုံးအဆောက်အအုံကို တည်ဆောက်ခြင်း မပြုရ။

၆၇။ မည်သည့်ဗိသုကာနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့၊ တည်ဆောက်သူ၊ လုပ်ငန်းခွင်ကြီးကြပ်သူမျှ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက် လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်း မပြုရ။

**အခန်း (၁၇)**

**ပြစ်ဒဏ်များ**

၆၈။ မည်သူမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် သုံးနှစ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်နှင့် မူလခွင့်ပြုသတ်မှတ်ဒီဇိုင်းပုံစံထက် ကျော်လွန်တည်ဆောက်ထားခြင်းအား ဖျက်သိမ်းစေရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။ စစ်ဆေးတွေ့ရှိသော အရည်အသွေးထောက်ခံချက်မရရှိသည့် တည်ဆောက်ရေးပစ္စည်းများကိုလည်း နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းခြင်းခံရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် အနည်းဆုံးသုံးနှစ်မှ အများဆုံး ငါးနှစ်ထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ အရည်အသွေးလျော့နည်းဆောင်ရွက်ခဲ့သည့် အဆောက်အအုံကို ပြန်လည်ပြုပြင်ရမည့်တန်ဖိုး၏ နှစ်ဆနှင့် ညီမျှသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၄။ မည်သူမဆို ပုဒ်မ ၆၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို ထောင်ဒဏ် ငါးနှစ်ထိဖြစ်စေ၊ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ပြီးစီးသွားသည့် အဆောက်အအုံတန်ဖိုး၏ ၃၀% ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင်ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်းတန်ဖိုးနှင့်ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

၇၇။ မည်သူမဆို မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများအောက် လျော့နည်း၍ ဒီဇိုင်းပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ အရည်အသွေးထောက်ခံချက်လက်မှတ်မရရှိသည့် တည်ဆောက်ရေးပစ္စည်းအား အသုံးပြုတည်ဆောက်ခြင်းကြောင့် အဆိုပါအဆောက်အအုံသည်မမျှော်မှန်းနိုင်သောကိစ္စရပ်မှအပ သတ်မှတ်သက်တမ်းမတိုင်မီ ပျက်စီးယိုယွင်းကြောင်း၊ ပြိုကျပျက်စီးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ အဆောက်အအုံအား အရည်အသွေးပြည့်မီအောင် ပြုပြင်ခြင်း သို့မဟုတ် အသစ်ပြန်လည်တည်ဆောက်ပေးခြင်း သို့မဟုတ် အဆိုပါ ပြုပြင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ခြင်းတန်ဖိုးနှင့် ညီမျှသော လျော်ကြေးငွေကို နစ်နာသူအား ပေးဆောင်ခြင်းပြုရမည်။

**အခန်း (၁၈)**

**အထွေထွေ**

၇၈။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိသူ မည်သူမဆို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းသို့ တိုင်ကြားနိုင်သည်။

၇၉။ ပုဒ်မ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂ ၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆ သို့မဟုတ် ၇၇ အရ တရားစွဲဆိုရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာဖြင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာန၊ အဖွဲ့အစည်းက တာဝန်ပေးအပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သောအရာရှိက တရားလိုပြုလုပ်၍ တရားစွဲဆိုရမည်။

၈၀။ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနသည် မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းသဘာဝအလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၈၁။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောက်ဆုံးထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ၊ လုပ်ငန်းနယ်ပယ်အလိုက် သတ်မှတ်စံချိန်စံညွှန်းများ၊ ဆောက်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းများ၊ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၈၂။ ဗဟိုကော်မတီသည် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ ထောက်ပံ့သော ငွေကြေး၊ နည်းပညာ၊ စက်ကိရိယာနှင့် အခြေခံအဆောက်အဦအပါအဝင် ထောက်ပံ့ကူညီမှုများကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၈၃။ ဤဥပဒေအရဖွဲ့စည်းမည့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့် အဖွဲ့တို့တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျွမ်းကျင်ပညာရှင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၈၄။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို တာဝန်ပေးအပ်ခြင်းခံရသည့် ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ ဦးစီးကော်မတီ၊ ဆပ်ကော်မတီနှင့်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ၎င်း၏ တာဝန်ထမ်းဆောင်စဉ် သဘောရိုးဖြင့် ဆောင်ရွက်ခြင်းအတွက် တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မရှိစေရ။

၈၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဗဟိုကော်မတီ၊ ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

---

# သီတဂူမျက်စိဆေးရုံတော်၌ (၁၆)ကြိမ်မြောက် မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၄

သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုဆရာဝန်ကြီးများက (၁၆)ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်း သီတဂူမျက်စိအလှူတော်ကို ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ(၁၆)ကြိမ်မြောက်သီတဂူမျက်စိအလှူတော်အစီအစဉ်ကို သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)တွင် ဆောင်ရွက်လျက်ရှိရာ ဆရာတော်ကြီး၏တပည့်၊ဒါယကာများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား စာရင်းပေးသည်မှစ၍ ခွဲစိတ်ကုသမှုခံယူပြီးသည်အထိ စောင့်ရှောက်ကုသိုလ်ယူကြသည့်အပြင် စားသောက်ဖွယ်ရာများနှင့်သွားလာရေးအဆင်ပြေစေရန်အတွက်မော်တော်ယာဉ်များကိုပါ အခမဲ့စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မျက်စိဝေဒနာကိုပြသရန်အတွက်စာရင်းပေးတိုကင်ရထားသူ ၁၆၀၀ ဦးရှိရာ ဖေဖော်ဝါရီလ ၃ ရက်(ပထမ)နေ့တွင် ၅၁၉ ဦးကို မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေးပေးခဲ့ရာ ခွဲစိတ်ကုသမှုခံယူရမည့် မျက်စိဝေဒနာရှင် ၂၁၁ ဦးရှိကြောင်းနှင့် ယနေ့ဖေဖော်ဝါရီလ ၄ ရက်(ဒုတိယ)နေ့တွင် ၄၃၉ ဦးကို မျက်စိအခမဲ့စမ်းသပ်၊ စစ်ဆေးပေးခဲ့ရာ ခွဲစိတ်ကုသမှုခံယူရမည့် မျက်စိဝေဒနာရှင် ၁၅၂ ဦးရှိကြောင်း သိရသည်။

ယင်းအပြင် မျက်စိအခမဲ့ခွဲစိတ်မှုခံယူထားသူများကို အထူးကုဆရာဝန်ကြီးများကစစ်ဆေးပြီး လိုအပ်သည့်ဆေးဝါးထုတ်ပေးခြင်းများကိုလည်းသတ်မှတ်ရက်အလိုက်ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

မာမီသည် ညနေစောင်းမှ အိမ်ပြန်လာသည်။ စုလှိုင်က သူ့မုန့်ဖိုးများကို ပေးလိုက်ကြောင်းသိသော အခါ တအံ့တသြဖြစ်သွားလေသည်။

'ဟယ် စု တကယ်လား'

'တကယ်ပါမာမီ'

'တယ်သဘောထားကြီးပါလား၊ အံ့သြစရာ၊ သူ့အတွက်များ စုကပေးလိုက်ရသလား၊ သူ့ကို စု မမုန်းဘူးလား'

စုလှိုင်သည် ရုတ်တရက်မျက်ရည်ဝဲလာသည်။ အမှောင်ကမ္ဘာထဲတွင် ရုန်းကန်လှုပ်ရှားနေရသလို အသက်ကို ပင်ပင်ပန်းပန်းရှိုက်၍ ရှူနေမိသည်။ သူ့ကို အံ့သြသလိုကြည့်နေသောမာမီကို မမှတ်မိသလို ငေးကြည့်နေရင်း တိုးတိုးလေးပြောလေသည်။

'သူ့ကိုလား မုန်းတာပေါ့၊ စု သိပ်မုန်းတာပေါ့၊ သူ့ကို မှမဟုတ်ပါဘူး၊ မြင်မြင်သမျှလူတွေကို စု မုန်းတာ ချည်းပဲ၊ အကုန်လုံးကို မုန်းတယ်လေ'

■ ■ ■ ■ ■

'ဟယ် မုန်းစရာကောင်းလိုက်တာ၊ ဒီနတ်ရုပ်ကြီး မျက်နှာကို သေသေချာချာကြည့်စမ်း၊ ဘိုင်အိုကြီးနဲ့ မတူဘူးလားဟင် မုန်းစရာကြီးတော့'

အမာညိုသည် ပြာသာဒ်ဆောင်တံခါးရွက်တွင် ထွင်းထုထားသော နတ်ရုပ်ကြီးကိုကြည့်ကာ ရုတ်တရက်ထအော်သည်။ သူ့ဘေးမှ မိမိလေးသည် ကား သူ့ကိုလှည့်မကြည့်အားပေ။ ဘုံငါးဆင့်မျှ ရှိသော ပြာသာဒ်ဆောင်ကြီးကို တအားမော့၍ ကြည့်နေသည်။ ပြာသာဒ်ကြီးသည် ကောင်းကင်သို့ တလူလူလွင့်တက်သွားတော့မယောင် မြင့်မားလှသည်။ အနောက်ဘက်တွင် တိမ်ဖြူဖြူလေးများက တရိပ်ရိပ်ဖြတ်ပြေးနေသည်။ တိမ်ဖြူများက ပြေးနေခြင်းဖြစ်သော်လည်း ကြည့်ရင်းကြည့်ရင်းနှင့် မျက်စိလှည့်စားကာ တိမ်များကရပ်ပြီး ပြာသာဒ်အိုကြီးက ယိမ်းထိုးလှုပ်ရှားနေသယောင် ထင်လာရလေသည်။

'မိမိလေးရဲ့ ကြည့်စမ်းပါဆို၊ ဒီနတ်ကြီးကို ကြည့်စမ်းပါဆိုနေမှ'

အမာညိုသည် မိမိလေး၏လက်များကို လှုပ်ယမ်းကာ ပြောသည်။

'ဘာလဲဟ၊ တကတဲ'

'ကြည့်စမ်းပါ ဘယ်သူနဲ့တူလဲ'

ကြာပန်းပွင့်ပေါ်တွင် မတ်တတ်ရပ်အနေအထားနှင့်ရှိသော နတ်ရုပ်ကို မိမိလေးသည် အမှတ်မဲ့ လှမ်းကြည့်လိုက်သည်။ ကြည့်ရင်းကြည့်ရင်း မျက်မှောင်ကုတ်လာသည်။ ထို့နောက် ထရယ်လေတော့သည်။

'ဟုတ်ပါရဲ့ ဘိုင်အိုကြီးနဲ့ တူလိုက်တာ'

'ဘိုင်အို' ဟူသည်မှာ ပထမနှစ် မယ်သစ်လွင်ဘဝ တုန်းက မိမိလေးအား အရှုးအမူးစွဲလမ်းခဲ့သော ကျောင်းသားကြီးဖြစ်သည်။ အတန်းကြီးသမားဖြစ်၍ သူ့ကိုအသက်ကြီးပြီ၊ အိုပြီဟု အမာညိုတို့အားလုံးက မယ်သစ်လွင်ပီပီ ဆုံးဖြတ်ချက်ချထားကြသည်။ ထို့ပြင် သူသည် ဘိုင်ကျသည်ဟု အကြောင်းပြကာ တွေ့သမျှလူကို အားမနာပါးမနာ လက်ဖက်ရည် တိုက်ခိုင်းတတ်သည်ဟူသောသတင်းကို တစ်ဆင့်စကားကြားရလေသည်။ ထို့ကြောင့် သူ့ခမျာ စက်မှုကျောင်းသားရင့်မကြီးပင်ဖြစ်သော်လည်း 'ဘိုင်အို'ဟူသောဆေးစော်နံနံဘွဲ့ထူးကြီးကို အများသဘောတူ အင်တိုက်အားတိုက် ချီးမြှင့်ခြင်းခံခဲ့ရရှာသည်။

'နေပါဦး၊ ဒီဗားကရာကျောင်းကြီးကိုဆောက်တာ အင်းဝခေတ်ကနော်၊ ဟာ မိမိလေး အင်းဝခေတ်တုန်းက ဘိုင်အိုကြီးက နတ်ဖြစ်နေတာကိုး ဟားဟား ကြည့်ပါဦး၊ အချွန်တွေ၊ အတက်တွေဝတ်ပြီး ခေါင်းပေါ်မှာလည်း အချွန်ကြီးဆောင်းလို့၊ လက်စသတ်တော့ ဘိုင်အိုခမျာ နတ်ဘဝက စုတေစိတ်ကျပြီး အာရ်အိုင်တီ ရောက်လာရှာတာကိုး ကျွတ် ကျွတ် သနားပါတယ်'

တည်ကြည်သော ဣန္ဒြေအပြည့်ဆောင်သော ထိုနတ်ရုပ်ကို အပိုးမသေသော မျက်နှာထားရှိ ဘိုင်အိုကြီးနှင့်တော့ မနှိုင်းသင့်ပါ။ သို့သော် ဘယ်နေရာကတူနေသည်တော့မသိ၊ နတ်ရုပ်ကြီးသည် ဘိုင်အိုနှင့်ဆင်တူနေသည်ကတော့ အမှန်ပင်။

'ဗျိုး ဘာတွေရယ်နေကြတာလဲဗျ'

မြတ်ကိုကို၏အသံက ကြမ်းပေါက်ကြားထဲမှပေါ်လာသည်။ မိမိလေးသည် ရုတ်တရက်လန့်သွားပြီး ကြမ်းပေါက်ကျဲကျဲကြားထဲသို့ ငုံ့၍ကြည့်လိုက်သည်။ မြတ်ကိုကိုနှင့်ပေါက်ကျိုင်းတို့နှစ်ဦးသား ရွှံ့ဗွက်များကြားထဲတွင် ပေကြိုးတစ်ခွေဖြင့် အလုပ်ရှုပ်နေကြသည်ကို မသဲမကွဲတွေ့ရ၏။

'ဘေးဖယ်ဗျ ဖယ်၊ တော်ကြာ ကျုပ်တို့ ဘုန်းနိမ့်ကုန်ဦးမယ်'

'အောင်မာ ကြီးကျယ်လိုက်တာ နင့်အမေလည်း မိန်းမပါပဲဟဲ့'

မိမိလေးက ခပ်စွာစွာ ပြန်ပြောလိုက်သော်လည်း ချက်ချင်းပင် လွတ်ရာသို့ တိမ်းဖယ်လိုက်သည်။ ဘုရားဆုပန်ပုဂ္ဂိုလ်နှစ်ဦး ဘုန်းနိမ့်မည်စိုးသောကြောင့်တော့မဟုတ်ပါ။ သူတို့တွေ အမှတ်မဲ့မော့ကြည့်လိုက်မည်ကို စိုးကြောက်မိပြီး စိတ်မလုံသောကြောင့်ဖြစ်သည်။

'ပေါက်ကျိုင်းရေ မောပြီလား'

အမာညိုက ခပ်နောက်နောက်လှမ်းမေးသည်။

'မောလိုက်တာကွယ် ဟယ် ဟယ်'

မြတ်ကိုကိုက ပေါက်ကျိုင်းအစား ဇာတ်မင်းသားသံဖြင့် ဝင်ဖြေလေသည်။

'အို မောင်ဘုရား၊ မောရင် အပေါ်ကိုကြွ၊ တစ်ပြလောက်မှာရှိတဲ့ရာဝင်အိုးကို အသာမလို့ထမ်းခဲ့ပ့ါ မောင်မောင်၊ နှမလေး ခပ်ကာတိုက်ပ့ါမယ်'

နှုတ်သီးကောင်းလျှာပါးရှိသူ မိမိလေးက ချက်ချင်းပြန်တွယ်လိုက်သည်။ ခါးတောင်းမြှောင်အောင် ကျိုက်၍ ပြာသာဒ်ဆောင်ပေါ်ဖက်တက်နေသော ကျောင်းသားတစ်ဦးသည် နားစွန်နားဖျားကြားလိုက်ပြီး တဟားဟားရယ်နေလေသည်။

မြတ်ကိုကိုသည် ရုတ်တရက် ဘာပြန်ပြောရမည် မသိဘဲ မကျေမနပ်ဖြင့် ငြိမ်သွားလေသည်။ အမာညိုသည် ကြမ်းပေါက်ကြားမှ အသေအချာငုံ့ကြည့်လိုက်သည်။ သူတို့နှစ်ဦးစလုံးသည် ပုဆိုးကို ဒူးလောက်ထိအောင် တိုတိုဝတ်ထားကြသည်။ ရွှံ့များ၊ နုန်းများသည် သူတို့ခြေဆစ်ထိအောင်မြုပ်နေကြလေသည်။

'တိုင်တွေအားလုံးပေါင်း နှစ်ရာခြောက်ဆယ့်ခုနစ်တိုင်တောင်ရှိတယ် သိလားမာညို၊ အကြီးကြီးတွေပဲ၊ လက်တစ်ဖက်စာ မပတ်မိဘူး'

ပေါက်ကျိုင်းက အော်ပြောသည်။ နိုင်ငံခြားသားများကိုသာခေါ်၍ပြရလျှင် မည်မျှကောင်းမည်နည်းဟု အမာညိုတွေးမိသည်။ မြန်မာလူမျိုးတို့သည် သူတို့အနောက်တိုင်းသားများ တန်ဖိုးထား မက်မောလှသော ကျွန်းသစ်များကို ဤမျှပေါပေါများများ သုံးထားနိုင်ကြောင်းပြချင်၊ ကြွားချင်စိတ်များပေါ်လာသည်။

'ကဲ မာညို၊ ဒီနတ်ရုပ်ကြီးကို နင်ဆွဲမှာလား၊ ဒါဆိုရင် ငါက ဟိုနားက ဂဠုန်ရုပ်ကြီးကို ဆွဲမယ်နော်'

မိမိလေးနှင့် အမာညိုတို့နှစ်ဦးသည် ဗားကရာကျောင်းကြီးရှိ အသေးစိတ်ထွင်းထုထားသော ပန်းပုနှင့်ကနုတ်များကို ကူးယူရေးဆွဲကြရမည်ဖြစ်သည်။ သို့မှသာ လေဒဏ်၊ မိုးဒဏ်၊ ဥတုဒဏ်တို့ကြောင့် အိုမင်းနေပြီဖြစ်သော ကျောင်းကြီး ပျက်စီးသွားသော တစ်နေ့တွင် မှတ်တမ်းကျန်ခဲ့မည်ဖြစ်လေသည်။

'ကျောင်းအမြင့်ကလည်း ဒို့အရပ် နှစ်ပြန်မကဘူး၊ ဆယ့်နှစ်ပေတောင် ရှိတယ်သိလား မာညို၊ အရင်တုန်းကဆိုရင် ဒီထက်တောင်မြင့်တယ်တဲ့၊ ကျောင်းအောက်ကိုဆင်စီးပြီး ထီးဆောင်းဝင်တယ်ဆိုပဲ'

'အောင်မာ နင့်နတ်ရုပ်က ပြောင်စပ်စပ်နဲ့ပါလား၊ ကြည့်စမ်း'

အမာညို ပုံဆွဲနေစဉ် သူ့အနားသို့ ခင်စန်းအေး ရောက်လာသည်။ သူ့လက်ထဲတွင် မန်ကျည်းသီးကြက်ဆူများ အပြည့်သယ်လာသည်။ သူသည် ဗားကရာကျောင်းကြီး၏ အရှေ့မြင်မတ်ရပ်ပုံကို ရေးဆွဲနေရသူဖြစ်သည်။ မန်ကျည်းပင်အောက်တွင် ဒေါက်ဖြုတ်ထားသော ကောက်ရိုးလှည်းပေါ်တက်ထိုင်ကာ သက်သောင့်သက်သာပုံဆွဲရင်း မန်ကျည်းသီးမှည့်များကို ဆာဆာနှင့် တွင်တွင်ခူးစားနေခဲ့လေသည်။

'မန်ကျည်းသီးစားရတာ ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမဲ့ ချမ်းပီးပြီ မာညိုရေ၊ ငါတော့မလွယ်ဘူး'

ခင်စန်းအေးသည် သူ့လက်ထဲမှ မန်ကျည်းသီးများကို အမာညို၏ လွယ်အိတ်ပေါ်တွင် စုပုံချလိုက်သည်။ ထို့နောက် ဗလာစာအုပ်ထဲမှ စာရွက်တစ်ရွက်ကို ဆုတ်ပြီး ခပ်သုတ်သုတ်ထွက်သွားသည်။

'ဟာ ဒီအစ်မကြီးဆွဲနေတဲ့နတ်ရုပ်က ချောသကွာ'

'အေးကွ၊ ပြုံးပြုံးကြီး'

အမာညိုဘေးတွင် ဝိုင်းအုံလာသော ဘုန်းကြီးကျောင်းသားလေးများက ထောမနာပြုကြသည်။ အမာညိုသည် သူ့ပုံကိုသူကြည့်ရင်း အတော်လေး စိတ်ညစ်သွားရှာသည်။ သူ၏ပန်းချီသည် မူလပန်းပုနှင့်မျက်နှာအနေအထားတစ်ခုမှလွဲ၍ အတော်တူသည်။ ဘိုင်အိုနှင့်ဆင်တူသော်လည်း မူလက ဣန္ဒြေသိက္ခာအပြည့်ရှိသောနတ်ရုပ်သည် ယခုတော့ သူ့လက်ချက်ဖြင့် ပြောင်ဖြဲဖြဲဖြစ်နေရှာလေသည်။ အမာညိုသည် ခဲဖျက်ကိုကောက်ယူကာ မျက်နှာပိုင်းကို ဖျက်ပစ်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့ ရွှေချောင်း အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး



**သထုံ ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် ဖေဖော်ဝါရီလ ၃ ရက်က သထုံမြို့ နန်းခဲရပ်ကွက်ရှိ ရွှေချောင်း အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရွှေချောင်းအခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးသက်က အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို) များ

ကြည်လွင်မြင့်(မုဒြာ)

**ဆရာကြီးခင်ဗျာ။ ကျွန်တော့်အသက် ၆၀ ကျော်ပါပြီ။ တစ်ခါတစ်ရံမောပြီး အသက်ရှူမဝဖြစ်တတ်ပါတယ်။ နေ့စဉ် နံနက်စောစောကျန်းမာရေးအတွက် လမ်းလျှောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်နေတဲ့ တိုက်ခန်းက သုံးထပ်အထိ တက်ရတာကြောင့် လှေကားထစ်များများတက်ရင် မောပြီး ရင်ဘတ်အနည်းငယ်အောင့်ပါတယ်။ တချို့က နှလုံးသွေးကြောကျဉ်းရောဂါဖြစ်ရင် မောပြီး ရင်ဘတ်အောင့်တယ်ပြောလို့ ကြိုတင်ကာကွယ်နိုင်မယ့်နည်းလမ်းတွေရှိရင် သိလိုပါတယ်။**

နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်ဖို့ ချင်းစိမ်းထောင်းအရည် ဟင်းစားဇွန်းတစ်ဇွန်း၊ ပျားရည် ဟင်းစားဇွန်းတစ်ဇွန်းစပ်ပြီး ထမင်းစားပြီးတိုင်းသောက်ပါ။ နနွင်းမှုန့်စစ်စစ်ကို ပျားရည်နဲ့နယ် ရွှေးစေ့ခန့်လုံးပြီး နေလှန်းထားပါ။ နံနက်၊ ညသုံးလုံးစီ စားပေးပါ။ နေ့စဉ် ထမင်းစားတဲ့အခါတိုင်း ကြက်သွန်ဖြူဥသေးအခွံနွှာထားပြီး သုံးမြွှာကနေ ငါးမြွှာအထိစားပေးပါ။ ကြက်သွန်ဖြူကို ဥကြီးအခွံနွှာ ပျားရည်စစ်စစ်နဲ့စိမ်ထားပြီး ညအိပ်ရာဝင်ခါနီး နှစ်မြွှာစားပေးပါ။ သံပရာသီး၊ သံပယိုသီးကိုရေဆေး ထက်ခြမ်းခြမ်း အခွံပါ ရေနွေးမတ်ခွက်ထဲမှာစိမ်ထားပြီး သောက်ပေးပါ။ ဆင်တုံးမနွယ်အမှုန့်၊ မြင်းခွာရွက်ခြောက်အမှုန့်၊ ကြက်သွန်ဖြူခြောက်သုံးမျိုးကို ဆတူစပ်ပြီး ပျားရည်နဲ့စိမ်ထားပါ။ ညအိပ်ရာဝင်တိုင်း ဟင်းစားဇွန်းတစ်ဇွန်းစားပေးပါ။ ဆီးဖြူသီးခြောက်အမှုန့်ထောင်း နှစ်ဆ၊ ငရုတ်ကောင်းမှုန့်တစ်ဆရောပြီး ပျားရည်နဲ့ ဖန်ပုလင်းမှာစိမ်ပြီး နေ့စဉ် နေရောင်ခြည်ပြပေးပါ။ ဟင်းစားဇွန်းတစ်ဇွန်း ထမင်းစားပြီးချိန်စားသုံးပါ။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က ကုန်စိမ်းဈေးမှာ နံနက်စောစောထပြီး ဈေးသွားရောင်းရပါတယ်။ အအေးမိ၊ နှာစေး၊ ခေါင်းကိုက်၊ နှာရည်ယိုတာတွေ မကြာခဏဖြစ်ပါတယ်။ ပြီးတော့ နှာခေါင်းတစ်ဖက်ကပိတ်ပြီး ပန်းနံ့၊ အမွှေးနံ့တွေမရဘူး ဖြစ်နေပါတယ်။ တစ်ခါတစ်ရံ ရေချိုးပြီး နှာရည်ယိုတဲ့အခါ နပ်ပုပ်ရည်လိုအရည်မျိုးကျလာပါတယ်။ သူများတွေက ထိပ်ကပ်နာဖြစ်နေတယ်လို့ ပြောပါတယ်။ ထိပ်ကပ်နာဆိုတာ ဘယ်လိုအနာမျိုးပါလဲ။ သက်သာပျောက်ကင်းအောင် ဆေးနည်းရှိရင် ညွှန်ပြပေးပါဦးခင်ဗျာ။**

ထိပ်ကပ်နာဆိုတာ အအေးမိ၊ နှာစေးတာကို သေချာမကုသခဲ့ရင် ကြာတော့ နှာခေါင်းပိတ်ပြီး အသက်ရှူမဝတဲ့ရောဂါ၊ နပ်ပုပ်ရည်ကျတဲ့ရောဂါ၊ နှာခေါင်းတွင်းက အနံ့ဆိုးထွက်ပြီး နှာခေါင်းအတွင်း အာရုံခံအကြောတွေ ပျက်စီးသွားတဲ့အခါ အနံ့ကောင်းစွာမရတော့ဘဲ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ ရောဂါမျိုးဖြစ်တတ်ပါတယ်။ ထိပ်ကပ်နာရောဂါဖြစ်လာပြီဆိုရင် အောက်ပါဆေးနည်းတိုတွေကို အသုံးပြုပါ။

- ပရုတ်၊ လေးညှင်းပွင့်၊ ဇာတိပ္ဖိုလ်ပွင့်၊ ငရုတ်ကောင်းစေ့၊ ငရုတ်ကောင်းဆီ(ပါပါမင့်)၊ ဖုံးမသိန်ခဲ၊ ဇဝက်သာခဲတို့ကိုရောပြီး အငွေ့လုံတဲ့ပုလင်းမှာထည့်ရှူပေးပါ။ (ရှူဆေးဘူးပြုလုပ်ပါ)
- ငဖြူကြီးပင် (မုရိုးပင်) အရွက်ခြောက်ကို မီးကျီးခဲပေါ်ဖြူးပြီး အငွေ့ရှူပေးပါ။ အပင်ရဲ့အရိုးနဲ့အရွက်ကိုပြုတ်ပြီး ရေနွေးငွေ့ကိုရှူပေးရင် နပ်ပုပ်တွေကျပြီး ထိပ်ကပ်နာသက်သာစေပါတယ်။
- သပွတ်သီးခြောက်အူတိုင်ကထွက်တဲ့ အမှုန့်ကိုယူပြီး နှာခေါင်းအတွင်းကို နှာမှုတ်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ နှာပိတ်တာကို သက်သာစေပါတယ်။ နှာခေါင်းအတွင်း အသားပိုလို အသီးဖြစ်သူတွေ ဒီဆေးနည်းနဲ့ ပျောက်ကင်းစေနိုင်ပါတယ်။
- ကျားမနိုင်အမြစ်ကိုသွေးပြီး နှာခေါင်းပေါ်မှာလိမ်းပေးရင် နှာခေါင်းပိတ်တာ သက်သာစေပါတယ်။
- နံနက်အိပ်ရာထ မျက်နှာသစ်တဲ့အခါတိုင်း ရေကိုလက်ခုပ်နဲ့ယူပြီး ရှူသွင်းပေးရင် ထိပ်ကပ်နာသက်သာစေပါတယ်။
- သံပရာသီးအရည်ကိုညှစ်ပြီး နှာခေါင်းအတွင်းထည့်ပေးရင် ထိပ်ကပ်နာကြောင့်ဖြစ်တဲ့ အသက်ရှူကျပ်တာကို သက်သာစေပါတယ်။
- ငှက်ခါးငှက်ရဲ့အတောင်ကိုမီးရှို့ပြီး အငွေ့ရှူပေးရင် ထိပ်ကပ်နာပျောက်၏။ (ရှေးလောကျမ်းပါနည်း)
- ထန်းနို့ခြောက်ကိုမီးရှို့ပြီး အငွေ့ကိုရှူပေးရင် နပ်ပုပ်တွေကျပြီး ထိပ်ကပ်နာသက်သာစေပါတယ်။
- ပိစပ်ရွက်အရည်ညှစ်ပြီး ပိတ်နေတဲ့နှာခေါင်းအတွင်းထည့်ပေးရင် နပ်ပုပ်ရည်တွေကျလာပြီး ထိပ်ကပ်နာကိုသက်သာစေပါတယ်။
- ပဒိုင်းရွက်ခြောက်ကိုအမှုန့်ပြုလုပ်ပြီး နှာမှုတ်ပေးရင် နပ်အပုပ်အခဲတွေကျလာပြီး ထိပ်ကပ်နာသက်သာစေပါတယ်။
- နလင်ကျော်အခေါက်ကို အမှုန့်ပြုလုပ်ပြီး မီးကျီးခဲပေါ်မှာဖြူးပြီး မှိုင်းရှူပေးရင် နှာခေါင်းပိတ်နပ်ပုပ်၊ ထိပ်ကပ်နာသက်သာစေပါတယ်။

**ဆရာကြီးရှင့်။ ကျွန်မသားလေး ပြီးခဲ့တဲ့လကဆိုင်ကယ်လဲပြီး ဦးခေါင်း၊ ရင်ဘတ်၊ တံတောင်ဆစ်တွေမှာ ဒဏ်ရာတွေရခဲ့ပါတယ်။ ဆေးကုသပြီးလို့ အနာသက်သာသွားပါပြီ။ ပွန်းပဲ့ရာတွေလည်းပျောက်ကင်းသွားပါပြီ။ ဒါပေမဲ့ ရင်ဘတ်နဲ့နံရိုးအတွင်းက အညိုအမည်းစွဲတာတွေမပျောက်ဘဲ အေးတဲ့အခါကိုက်ပါတယ်။ အသက်ရှူရင်လည်း အောင့်တယ်လို့ပြောပါတယ်။ ဒဏ်ကျေစေဖို့အတွက် ဘယ်လိုပြုလုပ်ရမလဲဆိုတာပြောပြပေးပါဦး။**

အပြင်ဒဏ်၊ အတွင်းဒဏ်ကျေစေဖို့ အောက်ပါဒဏ်ကျေစေတဲ့နည်းတွေကို အသုံးပြုပါ။

**အပြင်ဒဏ်များကျေစေရန်**

- နနွင်းနဲ့ မိဿလင်ကိုရောထုပ်ပြီး ဆေးစည်းပေးပါ။ ကြပ်ထုပ်ထိုးပေးပါ။
- နနွင်းနဲ့ ထုံးကိုရေဖျော်ပြီး လိမ်းပေးပါ။
- အုတ်နီခဲကိုမီးဖုတ် ရေစိမ်ပြီး အငွေ့ကပ်ပေးရင် ဖူးရောင်တဲ့ဒဏ် ကျေစေပါတယ်။
- ဆားကိုအဝတ်နဲ့ထုပ် ရေနွေးငွေ့ခံပြီး ကြပ်ထုပ်ထိုးပေးရင် ဖူးရောင်တဲ့ဒဏ်သက်သာစေပါတယ်။
- ကွမ်းရွက်ကိုမီးကင် နှမ်းဆီသုတ်ပြီး ရောင်နေတဲ့နေရာမှာ ကပ်ပေးရင် ဒဏ်ကျေစေပါတယ်။
- ပရုတ်မြစ်၊ နလင်ကျော်ခေါက်တို့ကိုသွေးပြီး အရက်နဲ့လိမ်းပေးရင် အပြင်ဒဏ် ကျေစေပါတယ်။
- ကြက်သွန်နီဥကြီးကိုမီးအုံး ဒဏ်ကြောင့်ရောင်တဲ့နေရာမှာအုံပြီး ခပ်နွေးနွေးစည်းပေးရင် ဒဏ်ကျေစေပါတယ်။

**အတွင်းဒဏ်များကျေစေရန်**

- ကြက်ခြေထောက်ကိုမီးဖုတ် ခွေးတောက်ရွက်နဲ့ရောပြီး ဟင်းချိုချက်သောက်ရင် ထိုးအောင့်တဲ့ အတွင်းဒဏ်ကိုကျေစေပါတယ်။
- ကုန်းကန်စွန်းရိုးနီကိုထောင်းပြီး အရည်ညှစ်သောက်ရင် အသက်ရှူမရတဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။
- ဥသျှစ်ရွက်ကို ဟင်းချိုချက်သောက်ရင် နှစ်ကြာကဖြစ်ခဲ့တဲ့ အတွင်းဒဏ်ကို သက်သာစေပါတယ်။
- ဆေးခါးကြီးပင်ကို ထန်းလျက်နဲ့ကျိုသောက်ရင် ဒဏ်ကြောင့်ဖြစ်တဲ့ အကိုက်အခဲမှန်သမျှ သက်သာပျောက်ကင်းပါတယ်။
- ကြောင်လျှာပွင့်အခြောက်ကိုပြုတ်ပြီး အသုပ်ပြုလုပ်စားရင် ဒဏ်ကြောင့်ကိုက်ခဲတာ၊ ညအိပ်မပျော်တာကို သက်သာစေပါတယ်။

**ဆရာကြီးရှင့်။ သမီးမှာ လစဉ်ဓမ္မတာလာတဲ့အချိန်တိုင်း ကိုက်ခဲပြီး နေထိုင်မကောင်းအမြဲဖြစ်ပါတယ်။ လစဉ်ကိုက်ခဲခြင်းအတွက် သက်သာစေမယ့်ဆေးနည်းသိလိုပါတယ်ရှင့်။**

ဓမ္မတာလာချိန်ကိုက်ခဲတာကို သက်သာစေဖို့ မလာမီ နှစ်ရက်၊ သုံးရက်ကြိုတင်ပြီး ချင်းတက်နဲ့ ထန်းလျက်ပြုတ်ရည်ကို ဆားလှော်အနည်းငယ်ထည့်သောက်ပေးပါ။ ကော်ဖီတစ်ခွက်စာကို ရေချိုးပြီးချိန်မှာသောက်ပေးရင် ဓမ္မတာမှန်ပြီး ပေါ်ရင်လည်း ကိုက်ခဲတာ၊ ထိမ်ကျန်တာ သက်သာစေပါတယ်။ ဇာတိပ္ဖိုလ်သီးကိုသွေးပြီး ချက်တိုင်ကနေ ဆီးစပ်တစ်ဝိုက်လိမ်းပေးပါ။ ကွမ်းရွက်ကို လေးညှင်းပွင့်အနည်းငယ်နဲ့ ရောပြုတ်သောက်ရင် ဓမ္မတာလာချိန်ကိုက်ခဲတာကို သက်သာစေပြီး သွေးသန့်စေပါတယ်။ ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ရောကျိုသောက်ရင် ဓမ္မတာများစေပြီး ကိုက်ခဲတာကို သက်သာစေပါတယ်။

ဓမ္မတာသွေးချုပ်ရင်၊ သွေးရပ်သွားပြီး ကိုက်ခဲနေရင် အောက်ပါနည်းလမ်းတွေကိုအသုံးပြုပါ။

- ဒန့်သလွန်ရွက်ကို ကြက်သွန်ဖြူနိုင်နိုင်နဲ့ ဟင်းချိုချက်၊ ပတဲကောအမှုန့်အနည်းငယ်ခတ်ပြီး သောက်ပါ။
- ကြိတ်မှန်ရွက်၊ မန်ကျည်းမှည့်၊ ထန်းလျက်၊ ဆားလှော်အနည်းငယ်ရောကျိုပြီး ဟင်းစားဇွန်းသုံးဇွန်း တစ်နေ့နှစ်ကြိမ်သောက်ပေးပါ။ ဓမ္မတာထိမ်တာ၊ ကျန်တာ၊ ရက်ကျော်တာတွေကို ပျောက်ကင်းစေနိုင်တယ်။
- သွေးဆုံးခါနီး နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဓမ္မတာပျောက်ရင် သွေးသန့်စေဖို့ သွေးအလုံးအခဲမဖြစ်စေဖို့ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ရောခေါက်ပြီးစားပေးပါ။

## မြေအောက်ရေဖြင့်စိုက်ပျိုးသော ကျောက်ဖရုံပင်များ အောင်မြင်ဖြစ်ထွန်းပြီး အသီးများ စတင်ခူးဆွတ်ရောင်းချ

ကလိန်အောင် ဖေဖော်ဝါရီ ၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ရာသီအလိုက် သစ်သီးဝလံသီးနှံမျိုးစုံ စိုက်ပျိုးကြသည့် တောင်သူများ မြေအောက်ရေဖြင့်စိုက်ပျိုးထားသော ကျောက်ဖရုံပင်များ အောင်မြင်ဖြစ်ထွန်းပြီး စတင်ခူးဆွတ်ရောင်းချချိန်တွင် အရောင်းအဝယ်အဆင်ပြေလျက်ရှိကြောင်း စိုက်ပျိုးတောင်သူများ၏ပြောပြချက်အရ သိရသည်။

ကလိန်အောင်မြို့၌ ကျောက်ဖရုံပင်များကို မြေနုကျွန်းပေါ်ရှိ ခြံ၊ ကိုင်းများတွင် မြေအောက်ရေသွင်း၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းမှ စတင်စိုက်ပျိုးခဲ့ကြောင်း၊ အသီးအထွက်နှုန်းကောင်းမွန်စေရန် သဘာဝမြေသြဇာကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းဖြင့် ပြုစုပျိုးထောင်ပြီး ရက် ၁၀၀ ကျော်မှသာ အသီးစတင်ခူးဆွတ်၍ ဈေးကွက်သို့တင်ပို့ရောင်းချရကြောင်း ကလိန်အောင်မြို့ရှိ စိုက်ပျိုးတောင်သူတစ်ဦးကပြောသည်။

"အရင်နှစ်တွေကတော့ ကျောက်ဖရုံပင်တွေကို ဈေးကွက်ဝင်သီးနှံအဖြစ် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးတာမရှိကြပါဘူး။ ဒီနှစ်ကျမှပဲ သစ်သီးဝလံသီးနှံမျိုးစုံစိုက်ပျိုးတောင်သူတွေက ကျောက်ဖရုံသီးက ဈေးကွက်ဝင်ပြီး အဝယ်များလာတာကြောင့် စီးပွားဖြစ်စိုက်ပျိုးလာကြတာပါ" ဟု ၎င်းကပြောသည်။

အဆိုပါထွက်ရှိသည့် ကျောက်ဖရုံသီးများကို ထားဝယ်မြို့နှင့် ကံပေါက်ဒေသတို့ရှိ သီးနှံအဝယ်ဒိုင်များမှ ခြံ၊ ကိုင်းများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။ (၄၁၂)

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး



ပေါင်းတည် ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးကျန်းမာရေးဌာနခွဲ၌ ဖေဖော်ဝါရီလ ၃ ရက်က မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)နှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အလားတူ ကျေးရွာအုပ်စုအသီးသီးတွင်လည်း သက်ဆိုင်ရာတာဝန်ကျ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက လစဉ်သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **ရွှေသား**

# ပြည်ထောင်စုနေ့အခမ်းအနားတွင် တက်ရောက်ပါဝင်ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်



နေပြည်တော် ဖေဖော်ဝါရီ ၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် တက်ရောက်ပါဝင်ဆင်နွှဲမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များသည် နေပြည်တော်သို့ရောက်ရှိနေစဉ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခြင်းနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

တွေ့ဆုံပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သော ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့သွားရောက်၍ စားသောက်ဆောင်များ၊ အိပ်ဆောင်များ၊ ဆပ်ကော်မတီရုံးခန်းများ၊ ဈေးဆိုင်များ ခင်းကျင်းရောင်းချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဦးအောင်မျိုးဝင်း
ဥတ္တရခရိုင်(ပြန်/ဆက်)

# တောင်ငူမြို့နယ်အတွင်း ပြည်ပပို့ကုန်တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

တောင်ငူ ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တောင်ငူမြို့နယ်အတွင်း ပြည်ပပို့ကုန် တန်ဖိုးမြင့်ပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူမြို့နယ် ထန်းတောကျေးရွာအုပ်စု၌ တစ်ကွင်း တစ်ဆက်တည်း ပြည်ပပို့ကုန် တန်ဖိုးမြင့် ပေါ်ဆန်းမွှေးစပါးများ သတ်မှတ်ကေအတိုင်း ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကြိုတင်ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ငူမြို့ရှောင် ရထားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့မီးရထားအင်ဂျင်နီယာဌာန တာဝန်ရှိသူတစ်ဦး၏ အကြိုအင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ တာပေါင်မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘဏ္ဍာနှစ်အလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကေတုမတီမြို့ဟောင်း၊ ရေးဟောင်းကျုံး မြောက်ဘက်ခြမ်းရှိဆလံလှေျာနံရံ လိပ်သဲကျောက်စီခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကေတုမတီမြို့ဟောင်း မြောက်ဘက်မြို့ရိုး တူးဖော်ထားရှိမှု၊ နံ့ကျုံးနှင့် မြို့ရိုးအကြား မြက်စိုက်ပျိုးနိုင်ရေးနှင့် မော်ကွန်းတံခါး၌ ရှေးဟောင်းမူလလက်ရာအတိုင်း ကျုံးကူးတံတားတည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာရှိ ဦးရဲဝင်း၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Solar စနစ်ဖြင့် မြေပဲဆီစက်လည်ပတ်ထုတ်လုပ်နေမှု၊ ဆီစက်မှထွက်ရှိလာသည့် ပဲဖတ်များအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့်ရောစပ်၍ တိရစ္ဆာန်အစာထုတ်လုပ်နေမှု၊ တောင်ငူမြို့ ထီးနီကုန်းပန်းခြံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဥဿာတိုင်းသား




# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေးပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအဆင့်MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေး ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေး လုပ်ငန်းကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် နေပြည်တော်ရင်ပြင်ကွပ်ကဲရေးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရေး၊ ပြခန်းနေရာချထားရေးနှင့်ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရန်ရက်မှာ နီးကပ်လာပြီဖြစ်သည့်အလျောက် လုပ်ငန်းကော်မတီအသီးသီးအလိုက် အင်တိုက်အားတိုက်ဆောင်ရွက်နေကြပြီး မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ပြခန်းပြင်ဆင်ခြင်းနှင့်ခင်းကျင်းနေမှုအခြေအနေကို အမြဲမပြတ်ကွင်းဆင်း၍ အချိန်မီခင်းကျင်းပြသနိုင်ရေးအတွက် လိုအပ်သည်များအားလုံးကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကျင်းပခြင်းသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်ပေးနိုင်မှုစသောအကျိုးကျေးဇူးများ ရရှိစေသည့် ပြပွဲတစ်ခုဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ်တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများရရှိမည့် ပြပွဲတစ်ခုဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြခန်းနေရာချထားရေးနှင့်ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးက လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ အစည်းအဝေး တက်ရောက်လာသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြခန်းတာဝန်ခံများက ခင်းကျင်းပြသမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တိုင်းဒေသကြီးအဆင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး



မုံရွာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း စွမ်းဆောင်ရည်အကောင်းဆုံးမြို့နယ် (၃)မြို့နယ်ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားလာစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသော ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏ လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏ လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

MSME လုပ်ငန်းများသည် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအင်အားဖြစ်သည့်အတွက် ပြပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု စီးပွားရေးလုပ်ငန်းများစွာ ပါဝင်ပြသကြမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ပြခန်းများလည်းပါရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ပြပွဲတွင် ငါးခြောက်၊ ပုစွန်ခြောက်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

ထိုသို့ပြသရာတွင် ရေထွက်ကုန်ပစ္စည်းပြုပြင်ထုတ်လုပ်မှုအတွက် အရေးပါသည့် GHP ၊ GMP ၊ SSOP ကဲ့သို့ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေး အခြေခံစနစ်များ၊ အစားအသောက်ဘေးကင်းစေရေးအတွက် ထုတ်လုပ်သူများအနေဖြင့် သိရှိရမည့်အချက်များ၊ ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကိုလည်း ပြပွဲလာရောက်သူများ လေ့လာနိုင်ရန် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ MSME လုပ်ငန်းရှင်များကို ထုတ်ကုန်နှင့်ပတ်သက်သည့် နည်းပညာဆိုင်ရာ အကြံပေးခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်သွယ်ချိတ်ဆက်လာပါက လိုအပ်သည့် သင်တန်းများပေးရေးအပါအဝင် ဈေးကွက်ချိတ်ဆက်မှုများကိုလည်း ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

မင်းကျော်စွာ

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တက်ရောက်ခဲ့သည့် မွန်ပြည်နယ် လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ




မော်လမြိုင် ဖေဖော်ဝါရီ ၄

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တက်ရောက်ခဲ့သော မွန်ပြည်နယ် လူငယ်ကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံ၏အဓိကအင်အားစုဖြစ်ပြီး အနာဂတ်ခေါင်းဆောင်များဖြစ်သော ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် တက်ရောက်ခဲ့ကြသော လူငယ်ကိုယ်စားလှယ်သုံးဦးက ဖိုရမ်ကြေညာစာတမ်းကို ဖတ်ကြားတင်ပြပြီး လူငယ်ကိုယ်စားလှယ်များက မွန်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် တက်ရောက်ခဲ့သော လူငယ်ကိုယ်စားလှယ်များက မွန်ပြည်နယ် အနာဂတ်ပညာရေး၊ ယဉ်ကျေးမှုနှင့်လူငယ်ကဏ္ဍ၊ မွန်ပြည်နယ်အနာဂတ်စီးပွားရေးနှင့် လူငယ်ကဏ္ဍ၊ မွန်ပြည်နယ်အနာဂတ်နည်းပညာနှင့်လူငယ်ကဏ္ဍ၊ မွန်ပြည်နယ် အနာဂတ်အားကစား၊ ကျန်းမာရေးနှင့်လူငယ်ကဏ္ဍ စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(၄၀၆)

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

# ပုဗ္ဗသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး Advocacy Meeting ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး Advocacy Meeting ကို ယနေ့မွန်းလွဲပိုင်းတွင်မြို့နယ်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေးက အဖွင့်အမှာစကားပြောကြား၍ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ အောင်မြင်မှုမှတ်တိုင်များ၊ အထူးဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားသေဆုံးမှုအား ကာကွယ်နိုင်သည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ နီးနွယ်ဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများသို့ သတင်းစကားနှင့် ခက်ခဲဒေသများ၌ ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်နိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်သူနာပြုအဆင့်-၁ ဒေါ်မိုးမိုးခိုင်က ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မှတ်တမ်း Video Clip ကိုပြသခဲ့ပြီး အခမ်းအနားအပြီးတွင် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးသော ကလေးများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

နိုင်ထွန်း

# မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး

ကျော်နိုင်ဦး
(ပတ်ဝန်းကျင်)

ပွင့်လင်းရာသီခြောက်သွေ့ကာလသို့ရောက်ရှိလာနေပါပြီ။ ဒီအချိန်ဟာ တောမီးနဲ့အခြားမီးလောင်ကျွမ်းမှုတွေကြောင့် အန္တရာယ်ကြီးမားလှတဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေဖြစ်ပွားနိုင်တဲ့ ကာလဖြစ်ပါတယ်။ မီးခိုးမြူငွေ့ကြောင့် ကိုယ့်နိုင်ငံရဲ့လေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်စေနိုင်ပြီး အိမ်နီးချင်းနိုင်ငံတွေအထိ နှစ်နိုင်ငံနယ်စပ်ကိုကျော်ဖြတ်ပြီးတော့ အဲ့ဒီနိုင်ငံတွေထဲမှာလည်း မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေဖြစ်စေနိုင်ပါတယ်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုဟာ အာဆီယံနိုင်ငံတွေမှာသာမက ကမ္ဘာ့နိုင်ငံတွေမှာပါ လတ်တလောရင်ဆိုင်ကြုံတွေ့နေရတဲ့ ပတ်ဝန်းကျင်ဆိုင်ရာဆိုးရွားတဲ့ပြဿနာတစ်ရပ်ဖြစ်နေပါတယ်။ ဒါကြောင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်ကို ကမ္ဘာပေါ်ကနိုင်ငံတွေဟာ အလေးထားပြီး တားဆီးကာကွယ်နေကြရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေနဲ့အိမ်နီးချင်းနိုင်ငံတွေမှာလည်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ မဖြစ်ပေါ်စေဖို့၊ ထိန်းချုပ်လျှော့ချနိုင်ဖို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။

> **“မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်ကို ကမ္ဘာပေါ်ကနိုင်ငံတွေဟာ အလေးထားပြီး တားဆီးကာကွယ်နေကြရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံတွေနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာလည်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ မဖြစ်ပေါ်စေဖို့၊ ထိန်းချုပ်လျှော့ချနိုင်ဖို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်. . .”**

### မီးခိုးမြူငွေ့နှင့် ဖြစ်ပေါ်ရသည့်အကြောင်းရင်းများ

မီးခိုးမြူငွေ့ဆိုတာ လေထုထဲမှာရေခိုးရေငွေ့တွေနဲ့အတူ ဖုန်အမှုန့်တွေ၊ အမှုန်အမွှားတွေ၊ မီးခိုးတွေ၊ အငွေ့ပြန်စေနိုင်တဲ့အရာတွေနဲ့ အခြားဓာတ်ငွေ့တွေ ပေါင်းစပ်ရောနှောဖြစ်ပေါ်နေတဲ့ လေထုအခြေအနေဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ မီးခိုးမြူငွေ့တွေဟာ တစ်နေရာမှတခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံဆီကို လေတိုက်ခတ်နှုန်းနဲ့လေတိုက်ခတ်မှုလားရာတို့အပေါ်မူတည်ပြီး အလွယ်တကူ ပျံ့နှံ့ရောက်ရှိနိုင်ပါတယ်။ မီးခိုးမြူငွေ့ထဲမှာဆိုရင် Particulate Matter ($PM_{2.5}$ , $PM_{10}$) လို့ခေါ်တဲ့ အလွန်သေးငယ်သောအမှုန်အမွှားတွေ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်၊ မြေပြင်ရှိ အိုဇုန်းနဲ့အခြားအဆိပ်ဓာတ်ငွေ့တွေပါဝင်နေပြီး လေထုညစ်ညမ်းမှုကို ဆိုးဆိုးရွားရွားဖြစ်စေနိုင်ပါတယ်။

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးဖို့ မြေပြုပြင်ပြီး တောခုတ်မီးရှို့ရာမှ ထွက်ရှိလာတဲ့ မီးခိုးငွေ့တွေ၊ ရိုးပြတ်တွေကို မီးရှို့ရာမှထွက်ရှိလာတဲ့ မီးခိုးတွေ၊ စိုက်ပျိုးရေးသီးနှံအကြွင်းအကျန်တွေကို မီးရှို့ရာမှ ထွက်ရှိလာတဲ့ မီးခိုးတွေ၊ စက်ရုံ/အလုပ်ရုံတွေမှ ထွက်ရှိလာတဲ့မီးခိုးတွေ၊ ကျောက်မီးသွေးနဲ့ထင်းလောင်စာသုံးစွဲမှုမှထွက်ရှိလာတဲ့အခိုးအငွေ့တွေ၊ အမှိုက်ပုံကြီးတွေမီးလောင်ခြင်းနဲ့စွန့်ပစ်အမှိုက်တွေကို မီးရှို့ရာမှထွက်ရှိလာတဲ့အခိုးအငွေ့တွေ၊ သစ်တောတွေအတွင်းမှာ မီးမဆင်မခြင်သုံးစွဲခြင်းကြောင့် တောမီးလောင်ကျွမ်းရာမှထွက်ရှိလာတဲ့အခိုးအငွေ့တွေဟာ မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်စေတဲ့အဓိကအကြောင်းရင်းတွေဖြစ်ပါတယ်။ အပူချိန်မြင့်မားခြင်းကြောင့် သဘာဝအလျောက် တောမီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်းကြောင့် တောမီးလောင်ကျွမ်းခြင်းနဲ့ မီးတောင်ပေါက်ကွဲရာမှ ထွက်လာတဲ့အခိုးအငွေ့တွေကြောင့်လည်း မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြစ်စေနိုင်ပါတယ်။

### ဆိုးကျိုးသက်ရောက်မှုများ

မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေဖြစ်လာတဲ့အခါ ကျွန်ုပ်တို့လူသားတွေမှာ ခေါင်းမူးခေါင်းကိုက်ခြင်း၊ အရေပြားယားယံခြင်း၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုခြင်း၊ အဆုတ်နဲ့အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသည်းကင်ဆာနဲ့အခြားကင်ဆာရောဂါ၊ အာရုံကြောထိခိုက်ပျက်စီးခြင်း၊ ဥာဏ်ရည်ချို့ယွင်းခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနဲ့ အသက်သေဆုံးခြင်းတို့အထိဖြစ်ပေါ်စေနိုင်ပါတယ်။ မီးခိုးမြူငွေ့တွေကြောင့် သန့်ရှင်းကြည်လင်နေတဲ့ ဝန်းကျင်လေထုအရည်အသွေးကျဆင်းလာရပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်တဲ့ UNEP ရဲ့ စစ်တမ်းတွေအရ ၂၀၂၁ ခုနှစ်မှာ ညစ်ညမ်းတဲ့လေကိုရှူရှိုက်နေကြရလို့ ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ သန်းကျော်ဟာ အရွယ်မတိုင်မီသေဆုံးနေရကြောင်း၊ ၎င်းတို့အထဲမှာ လေထုညစ်ညမ်းမှုကြောင့် အသက် ငါးနှစ်အောက်ကလေးငယ်တွေသေဆုံးမှုဟာ ခုနစ်သိန်းကျော်အထိရှိကြောင်းသိရှိရပါတယ်။

မီးခိုးမြူငွေ့ထဲမှာပါဝင်တဲ့ သာမန်မျက်စိနဲ့မမြင်နိုင်တဲ့အမှုန်အမွှား ($PM_{2.5}$)တွေဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ခန္ဓာကိုယ်သွေးကြောမျှင်တွေထဲအထိ ထိုးဖောက်ဝင်ရောက်နိုင်ပါတယ်။ $PM_{2.5}$ အမှုန်အမွှားတွေကို စတင်ရှူရှိုက်မိတဲ့အခါ လတ်တလောအနေနဲ့ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ လည်ချောင်းနာခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ မျက်စိယားယံခြင်း၊ မူးဝေခြင်းတွေဖြစ်ပေါ်စေပြီး အချိန်ကာလကြာမြင့်စွာ ရှူရှိုက်မိတဲ့အခါမှာတော့ လေပြွန်ရောင်ရမ်းခြင်း၊ နှလုံးရောဂါနဲ့အဆုတ်ကင်ဆာရောဂါတွေအထိဖြစ်ပွားစေနိုင်ပါတယ်။ ဒါကြောင့် $PM_{2.5}$ တွေကိုမမြင်နိုင်တဲ့ လူသတ်သမားအဖြစ် အများကသတ်မှတ်ထားကြတာဖြစ်ပါတယ်။

မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေသာမက နိုင်ငံအတော်များများမှာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအပေါ်မှာလည်း များစွာထိခိုက်စေရပါတယ်။ ဒ့ါအပြင် တောမီးလောင်ကျွမ်းမှုကြောင့် တောရိုင်းတိရစ္ဆာန်တွေရဲ့နေရင်းဒေသတွေ လျော့နည်းပျောက်ဆုံးလာတဲ့အခါ အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်လာရပါတယ်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေကြောင့် သဘာဝဂေဟစနစ်ကိုထိခိုက်လာတဲ့အခါ နိုင်ငံရဲ့စားရေရိက္ခာဖူလုံမှုအပေါ် များစွာထိခိုက်လာစေနိုင်ပါတယ်။

### မြန်မာနိုင်ငံ Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအခြေအနေ

Fire Hotspot ဆိုတာ ဂြိုဟ်တုဓာတ်ပုံတွေကတစ်ဆင့် လေ့လာဆန်းစစ်ချက်အရ အမှတ်တစ်ခုကို အနီးအနားပတ်ဝန်းကျင်နဲ့နှိုင်းယှဉ်ပါက အပူချိန်သိသိသာသာမြင့်မားနေပြီး မီးလောင်မှုဖြစ်နိုင်ခြေရှိတဲ့အခြေအနေကိုပြသတဲ့ အမှတ်တည်နေရာကို ဆိုလိုတာဖြစ်ပါတယ်။ ဂြိုဟ်တုသတင်းအချက်အလက်တွေအရ မြန်မာနိုင်ငံမှာ Fire Hotspot နဲ့ မီးခိုးမြူငွေ့တွေဟာ ပွင့်လင်းရာသီဖြစ်တဲ့ နိုဝင်ဘာလမှာစတင်ဖြစ်ပေါ်လေ့ရှိပြီး မတ်လနဲ့ဧပြီလတို့မှာ အများဆုံးဖြစ်ပွားလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်ရခြင်းရဲ့ အဓိကအကြောင်းရင်းတွေကတော့ တောင်ယာစိုက်ပျိုးဖို့ တောခုတ်မီးရှို့ခြင်း၊ ရိုးပြတ်တွေကို မီးရှို့ခြင်းနဲ့ တောမီးလောင်ကျွမ်းခြင်းတွေကြောင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့နှစ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်တွေကတော့ ၂၀၂၀ ပြည့်နှစ်မှာ ၅၆၄၁၉ ခု၊ ၂၀၂၁ ခုနှစ်မှာ ၅၄၀၁၀ ခု၊ ၂၀၂၂ ခုနှစ်မှာ ၃၇၉၇၇ ခု၊ ၂၀၂၃ ခုနှစ်မှာ ၅၆၅၀၄ ခု၊ ၂၀၂၄ ခုနှစ်မှာ ၅၁၀၉၁ ခုနဲ့ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်မှာ ၄၅၀၂၅ ခုတို့ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအရေအတွက်တွေဟာ မဲခေါင်ဒေသခွဲနိုင်ငံတွေမှာဖြစ်ပေါ်တဲ့ Fire Hotspot စုစုပေါင်းရဲ့ ၃၅ ရာခိုင်နှုန်းမှ ၃၉ ရာခိုင်နှုန်းအထိ ရှိနေပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ Fire Hotspot ဖြစ်ပေါ်မှုအားလုံးရဲ့ ၄၀ ရာခိုင်နှုန်းဟာ ရှမ်းပြည်နယ်မှာဖြစ်ပြီး မတ်လနဲ့ဧပြီလတွေမှာ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေဖြစ်ပေါ်လေ့ရှိပါတယ်။

မြန်မာနိုင်ငံမှာ သက်ဆိုင်ရာဌာနတွေပါဝင်တဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာကော်မတီနဲ့ လုပ်ငန်းအဖွဲ့တွေကို နိုင်ငံအဆင့်မှာသာမက တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်တွေအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနတွေအနေနဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုနဲ့ Fire Hotspot ဖြစ်ပေါ်မှုကိုလျှော့ချဖို့ အလေးထားဆောင်ရွက်လျက်ရှိကြပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေနဲ့ စင်ကာပူနိုင်ငံအခြေစိုက် ASEAN Specialised Meteorological Centre (ASMC) ရဲ့ Website မှတစ်ဆင့် Fire Hotspot ဖြစ်ပေါ်မှုနဲ့ မီးလောင်မှုဖြစ်နိုင်ခြေရှိတဲ့ အခြေအနေခန့်မှန်းချက်တွေကို နေ့စဉ်စောင့်ကြည့်ပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံးနဲ့ ဆက်စပ်ဌာနတွေဆီသို့ နေ့စဉ်ပုံမှန်ဖြန့်ဝေပေးပို့လျက်ရှိပါတယ်။ $PM_{2.5}$ အပါအဝင် ဝန်းကျင်လေထုအရည်အသွေးကို ပုံမှန်စောင့်ကြည့်တိုင်းတာပြီး သတင်းထုတ်ပြန်ပေးခြင်းတွေဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာဌာနတွေ ပူးပေါင်းပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲတွေကျင်းပခြင်း၊ လက်ကမ်းစာစောင်တွေဖြန့်ဝေပေးခြင်း၊ ပြည်သူ့စကားဝိုင်း (Talk Show)ကျင်းပခြင်း၊ Social Media တွေကတစ်ဆင့် အသိပညာမျှဝေခြင်း စတဲ့အသိပညာပေးလုပ်ငန်းတွေကို ပြည်သူလူထုအတွက် နည်းလမ်းမျိုးစုံနဲ့လှုပ်ရှားဆောင်ရွက်နေကြပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောတွေ၊ သစ်တောစိုက်ခင်းတွေမှာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးဆိုင်းဘုတ်တွေစိုက်ထူထားရှိပြီး မီးတားလမ်းဖောက်လုပ်ခြင်း၊ ကင်းလှည့်စစ်ဆေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

> **“တစ်မိုးထဲအောက်မှာ အတူနေထိုင်ကြတဲ့ လူသားတွေအားလုံး ကျန်းမာစွာရှင်သန်နေထိုင်နိုင်ဖို့အတွက် မီးခိုးမြူငွေ့ကင်းစင်ပြီး သန့်ရှင်းတဲ့လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရေးဟာ လွန်စွာမှအရေးကြီးလှပါတယ်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ လျော့နည်းလာတဲ့အခါ သဘာဝပတ်ဝန်းကျင်သာယာကြည်လင်လှပပြီး နိုင်ငံသားတိုင်းရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဧကန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အလွန်အန္တရာယ်ကြီးမားလှတဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်းကို အထူးနားလည်သိရှိပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်လျှော့ချရေး လုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဌာနတွေနဲ့အတူ လက်တွဲပူးပေါင်းပါဝင်ပေးကြပါဖို့ အလေးအနက်ထားနှိုးဆော်တိုက်တွန်း . . .”**

### မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေး ဆောင်ရွက်ချက်များ

မီးခိုးမြူငွေ့ညစ်ညမ်းမှုနဲ့ Fire Hotspot ဖြစ်ပေါ်မှုကိုထိန်းချုပ်ဖို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ)အနေနဲ့ တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများမပြုလုပ်စေရေး ဒေသခံတွေကို အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းအပြင် လိုက်နာမှုမရှိပါက သတိပေးခြင်း၊ အပြစ်ပေးခြင်းနဲ့အရေးယူဆောင်ရွက်ခြင်းတို့ကို အဆင့်လိုက်အလေးထားစိစစ်ကြပ်မတ်ရန်နဲ့ ပညာပေးကာလ၊ အသိပေးကာလ၊ အရေးယူကာလအနေနဲ့ သတ်မှတ်ဆောင်ရွက်သွားဖို့ လမ်းညွှန်မှုပြုထားပြီးဖြစ်ပါတယ်။

**စာမျက်နှာ ၁၄ သို့ ●**

● စာမျက်နှာ ၁၃ မှအဆက်

စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးနည်းစနစ်တွေဖြစ်ပေါ်လာစေဖို့အတွက် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးခြင်းလုပ်ငန်းတွေသာမက သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနဲ့ လယ်ယာထွက်စွန့်ပစ်ပစ္စည်းအကြွင်းအကျန်တွေကို မီးရှို့ဖျက်ဆီးမှု လျှော့နည်းစေရေးဆိုင်ရာနည်းလမ်းတွေကို အသိပညာပေးမျှဝေလျက်ရှိပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေပါဝင်တဲ့ ခရိုင်၊ မြို့နယ်အဆင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွေဖွဲ့စည်းကာ မီးလောင်မှုဖြစ်ပွားတဲ့နေရာတွေဆီသို့ မြေပြင်အထိသွားရောက်ကွင်းဆင်းစစ်ဆေးခြင်း၊ မီးလောင်ကျွမ်းရတဲ့အကြောင်းရင်းတွေကို ရှာဖွေဖော်ထုတ်ခြင်းနဲ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။ ဒီလုပ်ငန်းတွေဟာ ယခု ၂၀၂၆ ခုနှစ် ပွင့်လင်းရာသီကာလမှာ နိုင်ငံတစ်ဝန်း Fire Hotspot ဖြစ်ပေါ်မှုကို ၂၀၂၄ ခုနှစ်တုန်းကဖြစ်ပေါ်ခဲ့တဲ့အရေအတွက်အောက် ၂၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်ပါတယ်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံအနေနဲ့ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution– AATHP) ကို ၂၀၀၃ ခုနှစ်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။ အဆိုပါသဘောတူညီချက်အရ မြန်မာနိုင်ငံမှာ တောမီးနဲ့ အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းတဲ့အခြားမီးတို့ကြောင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေကို စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ ထိန်းချုပ်လျှော့ချခြင်းလုပ်ငန်းတွေကို အထူးအလေးထားဆောင်ရွက်လျက်ရှိနေပါတယ်။ မဲခေါင်ဒေသခွဲနိုင်ငံတွေမှာ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ဖို့အတွက် ချင်းရိုင် ၂၀၁၇ လုပ်ငန်းစီမံချက် (Chiang Rai 2017 Plan of Action)ကို ချမှတ်ထားရှိပြီးဖြစ်ရာ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်ကို နှစ်အလိုက်ထိန်းချုပ်လျှော့ချသွားကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ မြန်မာ၊ ထိုင်းနဲ့လာအိုနိုင်ငံတို့ပူးပေါင်းပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာပူးတွဲလုပ်ငန်းစီမံချက် (Joint Plan of Action – Clear Sky Strategy 2024–2030)ကို အတည်ပြုထုတ်ပြန်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့အတူ လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။

**လိုက်နာဆောင်ရွက်ရမည့်အချက်များ**

မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေမဖြစ်ပေါ်စေဖို့အတွက် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအလေ့အကျင့်တွေကို လျှော့ချဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ တောင်ပေါ်ကုန်းမြင့်ဒေသတွေမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမယ့်အစား ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးစနစ်တွေဖြစ်တဲ့ ကွန်တို/တောင်စောင်းစိုက်ပျိုးစနစ်နဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွေကို ကျင့်သုံးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေကထွက်ရှိတဲ့ ရိုးပြတ်တွေ၊ ကောက်ရိုးတွေကိုမီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်တဲ့နည်းပညာတွေကို လက်တွေ့ကျကျလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံအကြွင်းအကျန်တွေကို မြေလွှာဖုံးခြင်း၊ တိရစ္ဆာန်အစာအဖြစ်ပြန်လည်အသုံးပြုခြင်းတို့ စနစ်တကျလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ သစ်တောတွေထဲမှာ မီးကိုမဆင်မခြင်အသုံးပြုပြီး အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်း၊ တောမီးရှို့ခြင်း စတဲ့အလေ့အထတွေကိုလုံးဝရှောင်ကြဉ်ကြရပါမယ်။ မီးလောင်ကျွမ်းမှုကို သိရှိတာနဲ့တစ်ပြိုင်နက်တည်း သက်ဆိုင်ရာဌာနတွေကို အမြန်ဆုံးဆက်သွယ်အကြောင်းကြားကြရမှာဖြစ်ပါတယ်။ ဒ့ါအပြင် မိမိတို့နေအိမ်တွေကထွက်ရှိတဲ့အမှိုက်တွေကိုမီးမရှို့ကြဖို့နဲ့ နိုင်ငံကြီးသားပီသစွာစနစ်တကျစွန့်ပစ်ကြဖို့လည်းလိုအပ်ပါတယ်။

**တိုက်တွန်းနှိုးဆော်ချက်**

တစ်မိုးထဲအောက်မှာအတူနေထိုင်ကြတဲ့လူသားတွေအားလုံးကျန်းမာစွာရှင်သန်နေထိုင်နိုင်ဖို့အတွက် မီးခိုးမြူငွေ့ကင်းစင်ပြီးသန့်ရှင်းတဲ့လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရေးဟာ လွန်စွာမှအရေးကြီးလှပါတယ်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုတွေ လျော့နည်းလာတဲ့အခါ သဘာဝပတ်ဝန်းကျင်သာယာကြည်လင်လှပပြီး နိုင်ငံသားတိုင်းရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဧကန်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အလွန်အန္တရာယ်ကြီးမားလှတဲ့ မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်းကို အထူးနားလည်သိရှိပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်လျှော့ချရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရနဲ့သက်ဆိုင်ရာဌာနတွေနဲ့အတူ လက်တွဲပူးပေါင်းပါဝင်ပေးကြပါဖို့ အလေးအနက်ထားနှိုးဆော်တိုက်တွန်းအပ်ပါတယ်။ ။

# ကယားပြည်နယ်၌ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၄

ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကယားပြည်နယ် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင်ကျင်းပသည်။

ရေးဦးစွာ လွိုင်ကော်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တို့အင် တို့အားသီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စာတတ်မြောက်ရေး) ဦးအောင်နိုင်က ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက ကယားပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့်ရန်ပုံငွေများကို ပေးအပ်ရာ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်တင်တင်အေးက လက်ခံရယူသည်။

ယင်းနောက် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူလေးများက စာတတ်မြောက်ရေးဝိုင်းကူပေး သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယခုဖွင့်လှစ်သည့်ကယားပြည်နယ်ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ စာသင်သား ၁၉၈ ဦးအား ဖေဖော်ဝါရီလ ၂ ရက်မှ မတ်လ ၁၃ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြော

ပင်လောင်း ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ကောင်ထို)၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မိုးဦးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးသည့် ကိုယ်စားလှယ်အမည်စာရင်းများ၊ ပြည်ထောင်စုအခွန့်ရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာအကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့ဆိုင်ရာအကြောင်းများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဆိုးကျိုးများ စသည့်အသိပညာပေးနံရံကပ်စာစောင်၊ ခါတ်ပုံတို့ကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။ (၄၀၅)၊ မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုနေ့မှသည်

✍ သမိုင်းဆိုတာ၊ လိမ်ညာမရ
ဘဝနှင့်ကြည့်၊ အသိနှင့်ယှဉ်
မျက်မြင်လုပ်ရပ်၊ ပြန်သုံးသပ်ကြ
"လွတ်လပ်ရေး"ကို၊ ရယူလို၍
"ဗိုလ်အောင်ဆန်း"သည်၊ "အက်တလီ"နှင့်
ပြည်လန်ဒန်တွင်၊ သမိုင်းဝင်စာချုပ်
အရင်ချုပ်ဆို၊ မေတ္တာပို့ခဲ့။

✍ ထိုစဉ်အခါ...
ပြည်ရွာအရှုပ်၊ နယ်ချဲ့ယုတ်တို့
အယုတ်တမာ၊ သွေးခွဲလာခဲ့
ယုံလာစော်ဘွား၊ တောင်ပေါ်သားတို့
အားလုံးဝိုင်းကာ၊ ကန့်ကွက်လာတော့
ပြန်လာဆွေးနွေး၊ "ပင်လုံတေးဆို"
သွေးချင်းတို့တွေ၊ တောင်ပေါ်နေနှင့်
မြေပြန့်ဗမာ၊ လက်တွဲလာခဲ့
ညီညာဆွေမျိုး၊ လက်မှတ်ထိုးကြ
မျိုးချစ်ခဲ့ပေ၊ "ပင်လုံမြေ"။

✍ "ပင်လုံ"ခြေပြု၊ "ပြည်ထောင်စုနေ့"
ခုချိန်ထိသာ၊ ညီညာစွာဖြင့်
သစ္စာခိုင်အောင်၊ မေတ္တာနှောင်၍
နောင်ညီနွှယ်ဖွား၊ တိုင်းရင်းသားတို့
"ခါးခုတ်ရေလျှဉ်၊ ကြားမထင်"သို့
ပြည်ခွင်အရေး၊ "လွတ်လပ်ရေး"ကို
သွေးချွေးသစ္စာ၊ ထိန်းသိမ်းလာကြ
အာဃာတများ၊ လွင့်စဉ်သွားစေ
အားလုံးညီညာ၊ တိုင်းပြည်သာဖို့
ဝေဆာပေါင်းပြု၊ "ပြည်ထောင်စု"ကို
စုပေါင်းညီညာ၊ သက်ပေးကာကွယ်
လာသမျှရန်စွယ်၊ အသွယ်သွယ်ကို
ဖယ်ရှားပစ်မည်၊ "ပြည်သစ်တည်"စို့
ချီတက်ကြမည် ရှေ့သို့ချီ။ ။

ရဲမွန်ကျော်

# အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)အား (တတိယ)အကြိမ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးတို့က စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမြို့၊ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)အား (တတိယ)အကြိမ် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ) (တတိယ) အကြိမ်လွှဲပြောင်းပေးအပ်ခြင်းအား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအိမ်ရာဓမ္မာရုံ ဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၆၀၀ နှင့် ဘိလပ်မြေအိတ် ၅၀၀ အား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးမှ လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးက နေထိုင်ခွင့်ရရှိသော စစ်မှုထမ်းဟောင်းမိသားစုဝင်များအား နေထိုင်ခွင့်ကတ်ပြားနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ စစ်မှုထမ်းဟောင်းမိသားစုဝင်များကိုယ်စား စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးမှ လက်ခံရယူသည်။

၎င်းနောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)(တတိယ)အကြိမ် လွှဲပြောင်းပေးအပ်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မြတ်မော်တင်စွန်းဘုရားပွဲ အောင်မြင်စွာကျင်းပရေးဆွေးနွေး



ပုသိမ် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြတ်မော်တင်စေတီတော်မြတ်သို့ရောက်ရှိရာ ကျိုင်းတုံမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော်နှင့် မြတ်မော်တင်ကျောင်းတိုက် ပဓာနနာယကဆရာတော်တို့ကို ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားသည်။

ထို့နောက် မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဟိုင်းကြီးကျွန်းမြို့ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ဆန်နှင့်ဆီများပေးအပ်ကာ မြတ်မော်တင်ဘုရားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပုသိမ်မြို့ ရွှေပုသိမ်ဧည့်ရိပ်သာ၌ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေးနှင့် ဧရာဝတီပေါ်ဆန်းအရည်အသွေးကောင်းမွန်ရေး၊ တိုင်းဒေသကြီး ဆီဖူလုံရေးအတွက်ဆီထွက်သီးနှံများအပြင် ပဲပုပ်-ပဲကြီးရောနှောကေ တစ်သိန်း စိုက်ပျိုးမှု၊ လျှပ်စစ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများ လည်ပတ်နိုင်ရေး၊ ပီလောပီနံထုတ်လုပ်မှုတွင် ဦးဆောင်တိုင်းဒေသကြီးဖြစ်ရန် ကြိုးပမ်းနေမှုများ၊ ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်မှုများ၊ အားကစားကဏ္ဍတိုးတက်ရေးဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားပြီး မြို့မိမြို့ဖများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ (ပုသိမ်) သင်တန်းသားဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင်အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

▼ ရှေ့ဖုံးမှအဆက်

၇၃၄၃ ဧက၊ ပဲနောက် ၄၄၃ ဧက နှင့် ပဲကြီး ၁၇ ဧက စုစုပေါင်း ၁၁၇၂၃ ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ထက် ဧက ၄၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ မိုးစပါးများ ရိတ်သိမ်းခြွေလှေ့အပြီး လယ်မြေများ၌ ဒေသခံတောင်သူများက မတ်ပဲနှင့်ကုလားပဲကို ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး ပဲအချို့မှာ စတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်းနှင့် ငဖဲမြို့နယ်အနေဖြင့် ယမန်နှစ်က ပဲမျိုးစုံ ၇၁၅၂ ဧကကို စိုက်ပျိုးနိုင်ခဲ့ကာ အထွက်နှုန်းများကောင်းမွန်ကြောင်း သိရသည်။

ငဖဲမြို့နယ်တွင် စိုက်ပျိုးပြီးစီးသော ပဲမျိုးစုံသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ပဲမျိုးစုံအထွက်နှုန်းကောင်းမွန်ရေး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ စနစ်တကျထည့်သွင်းရေး၊ ပေါင်းသတ်ဆေးအသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၂-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လျှေင်ဒဏ်သင့်ပြုပြင်ထိန်းသိမ်းမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် စစ်ဆေး၊ ဓာတ်လှေကားနှစ်စင်း အသစ်လှူဒါန်းပွဲနှင့် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းရှိ ဘိုးမင်းချမ်းသာစေတီတော် ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁) ဦးထွန်းထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ရောက်ရှိပြီး ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရင်ပြင်တော်ကြွခိုင်ရေးလုပ်ငန်းများ၊ မြေထိန်းနံရံကြွခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁)ဦးထွန်းထွန်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်လိုဏ်အတွင်း၌ကျင်းပသော ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အလှူရှင်များက စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ စီစဉ်မှုဖြင့် Aeon Co.,Ltd.(Japan) မှ အသင်းသား၊ အသင်းသူများ၊ အလှူရှင်များကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဦးဆန်းလင်းက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဦးဆန်းလင်း၊ ဦးတင်ကိုကိုနှင့် ဦးအောင်ကြည်စိုးတို့က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဓာတ်လှေကားနှစ်စင်း အသစ်တပ်ဆင်ရန်အတွက် အလှူငွေလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းကြည်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ဘိုးမင်းချမ်းသာစေတီတော်ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ကျင်းပသော ဘိုးမင်းချမ်းသာစေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥာဏိဿရထံ ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ စီစဉ်မှုဖြင့် ဂျပန်နိုင်ငံအခြေစိုက် Aeon Co.,Ltd. မှ အလှူရှင်များကိုယ်စား အလှူရှင် ဦးဆန်းလင်းက လှူဒါန်းမှုများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး အလှူရှင်များကိုယ်စား အလှူရှင်ဦးဆန်းလင်း၊ ဦးတင်ကိုကိုနှင့် ဦးအောင်ကြည်စိုးတို့က မဟာဝိဇိတာရုံကျောင်းတိုက်အတွင်းရှိ ဘိုးမင်းချမ်းသာဘုရားပြန်လည်ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းရာ သာသနာရေးဦးစီးဌာန နေပြည်တော်သာသနာရေးမှူး ညွှန်ကြားရေးမှူး ဦးထွန်းမြင့်အောင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်တို့က အလှူငွေများလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥာဏိဿရက ကျေးဇူးတင်ကြောင်း မိန့်ကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# အေးသာယာမြို့ ဝင်ငွေတိုးစီမံကိန်းသင်တန်းဆင်းများ ကြည့်ရှုအားပေး ရှုရှားနေကြာမျိုးစမ်းသပ်စိုက်ပျိုးထားမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁)သို့သွားရောက်၍ ဌာနမှဖွင့်လှစ်ခဲ့သော စက်ချုပ်နည်းပညာသင်တန်းတက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေကြသော ဒေါ်အေးအေးမွန်၏ "အိုးစည်" စက်ချုပ်လုပ်ငန်း၊ ဒေါ်အေးစန္ဒာထွန်း၏ "စန္ဒာ" စက်ချုပ်လုပ်ငန်း၊ ဒေါ်မြတ်မြတ်သင်း၏ "ရွှေအိပ်မက်" စက်ချုပ်လုပ်ငန်း၊ ဒေါ်ခင်ရွှေမာလွင်၏ "ဇလပ်ဖြူ" စက်ချုပ်လုပ်ငန်း၊ ဒေါ်သီတာခိုင်၏ "သီတာ" စက်ချုပ်လုပ်ငန်းတို့ကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက မိသားစုဝင်ငွေတိုးပွားရေးအတွက် နိုင်ငံတော်က လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားကြောင်း၊ အမှန်တကယ်ဝင်ငွေတိုးပွားခြင်း ရှိ/ မရှိကို တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်သွားရန်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် အေးသာယာ စစ်မှုထမ်းဟောင်းဝန်ထမ်းအိမ်ရာသို့ သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်နာရီလျှင် ရေဂါလန် ၆၀၀၀ နှုန်းဖြင့် ရေရရှိရေး ဆောင်ရွက်ပေးထားသော စိမ့်စမ်းရေသွယ်လုပ်ငန်းနှင့် စက်ရေတွင်းလုပ်ငန်းတို့ကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သူဌေးကုန်းရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုသို့သွားရောက်ပြီး ရုရှားနေကြာမျိုးများဖြစ်သော မခ့်ဟ်ဟွန်း (Markhaon) နှင့် ဗော်လ်ကန် (Valkuan) ငါးဧက စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အပင်အတွက်လိုအပ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် သွင်းအားစုများကို အချိန်မှန်ထည့်သွင်းအသုံးပြုရေး၊ စိုက်နည်းစနစ်များနှင့်အညီ စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်သမဝါယမအသင်းစု၏ New Hope အမျိုးအစား ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နည်းပညာတက္ကသိုလ်(တောင်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ(2026)ကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အေးသာယာမြို့ နည်းပညာတက္ကသိုလ် (တောင်ကြီး) ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ (2026) အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က နည်းပညာတက္ကသိုလ် (တောင်ကြီး)ကို ၁၉၉၂ ခုနှစ်တွင် စက်မှုလက်မှုသိပ္ပံအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး အစိုးရနည်းပညာကောလိပ်၊ နည်းပညာတက္ကသိုလ် စသည်ဖြင့် အဆင့်မြှင့်တင်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း(၃၄) နှစ်ရှိပြီဖြစ်ပြီး အင်ဂျင်နီယာ/မဟာဘွဲ့ရနှင့် ကျွမ်းကျင်ပညာရှင်ပေါင်း ၇၀၈၀ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့သည့် တက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)တွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၅၃၄ ဦးနှင့် Polytechnic University (လားရှိုး) အင်ဂျင်နီယာဌာနမှ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၁၅၅၉ ဦးခန့် တက်ရောက်ပညာသင်ကြားနေကြောင်း သိရှိရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း၊ မောင်မယ်သစ်လွင်အားလုံးကို ကြိုဆိုကြောင်းနှင့် AI ခေတ်သစ်တွင်တန်ဖိုးရှိသော အင်ဂျင်နီယာလူငယ်များအဖြစ် အောင်မြင်မှုများရအောင် ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို Project ပြပွဲ(2026) ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယမန်နေ့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် အရင်းအမြစ်အလိုက် တပ်ဆင်အင်အားများမှာ ရေအားလျှပ်စစ်စက်ရုံ ၃၂ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၄ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ နှစ်ရုံ၊ နေရောင်ခြည်သုံးစွမ်းအင်စက်ရုံ ၁၂ ရုံ စုစုပေါင်းတပ်ဆင် စက်အင်အားမှာ ၆၇၂၅ မဂ္ဂါဝပ် အထိရှိပြီး စက်စွမ်းအားပြည့် မောင်းနှင်နိုင်ပါက ၄၀၀၀ မဂ္ဂါဝပ်ခန့်အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သောအခြေအနေဖြစ်သော်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏တိုက်ခိုက်ဖျက်ဆီးမှုများနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု တဖြည်းဖြည်းလျော့နည်းခဲ့ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ်ကျော်မှာ လျော့နည်းထုတ်လုပ်ရရှိသဖြင့် တစ်ရက်လျှင် ၃၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ခဲ့ပြီး အချို့နေရာများတွင် အချိန်ပိုင်းအလှည့်ကျစနစ်ဖြင့်သာ ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းအခက်အခဲများကိုကျော်လွှားနိုင်ရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖျက်ဆီးခံရသည့် ဓာတ်အားလိုင်းများနှင့် ခွဲရုံများကို အချိန်နှင့်တစ်ပြေးညီပြုပြင်ခြင်းဆောင်ရွက်လျက်ရှိသကဲ့သို့ LNG မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ဈေးနှုန်းကြီးမြင့်သော်လည်း လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး စက်မှုဇုန်များမှ အချိန်ပြည့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ အချိန်တိုအတွင်းရရှိမည့် LNG ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ LNG စီမံကိန်းကို ၂၀၂၃ ခုနှစ်မတိုင်မီကတည်းက LNG TO POWER ထုတ်လုပ်ပြီး စက်မှုဇုန်များသို့ ပေးရန်လျာထားဆောင်ရွက်ခဲ့ပြီး ၅၀၀ မဂ္ဂါဝပ် LNG ဓာတ်အားပေးစက်ရုံ စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်မှစ၍ ယင်းစက်ရုံမှ ဓာတ်အား ၅၀၀ မဂ္ဂါဝပ်ကို စတင်ဖြည့်တင်းပေးနိုင်ခဲ့ကြောင်း၊ LNG ဖြင့် ထုတ်လုပ်ခြင်းမှာကုန်ကျစရိတ်မြင့်မားသော်လည်း စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုများ အရှိန်အဟုန်မပြတ်စေရန်ရည်ရွယ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် "LNG to Industry" ကို အထူးအလေးပေးဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်မှုအခြေအနေကို ဆက်လက်ထိန်းသိမ်းရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ် မျှတစေရန်အတွက် စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ "စီးပွားရေးနှုန်းထား (Economic Rate)" တစ်ခုသတ်မှတ်ပြီး ယခုဖေဖော်ဝါရီလအသုံးမှစ၍ ဓာတ်အားခနှုန်းထားသစ် ငွေကျပ် ၉၀၀ ဖြင့် ကောက်ခံသွားမည်ဖြစ်သည့်အတွက် ဇန်နဝါရီလ အသုံးယူနစ်များကို မီတာဖတ်သူနှင့် သုံးစွဲသူ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အဓိကစက်မှုဇုန်များ၏အခြေအနေ၊ စက်မှုလုပ်ငန်းရှင်များအတွက် ခိုင်မာသော စွမ်းအင်အာမခံချက်ရှိသည့် ကုန်ထုတ်လုပ်မှုဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက စက်မှုနှင့်စီးပွားရေးလုပ်ငန်းများသို့ သတ်မှတ်နှုန်းထားအသစ်ဖြင့် ဓာတ်အားခကောက်ခံဆောင်ရွက်မည့်အခြေအနေနှင့် ဓာတ်အားခတိုးမြှင့်ကောက်ခံမှုအပေါ် အားသာချက်/အားနည်းချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆရာဝန်(သစ်လွင်)နှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်




နေပြည်တော် ဖေဖော်ဝါရီ ၄

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)နှင့်သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ်တာဝန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က နိုင်ငံတော်၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အလေးပေးမှာကြား၍ လိုအပ်ချက်များကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊၂၀၂၁ ခုနှစ်နောက်ပိုင်းမှစ၍ ကျန်းမာရေးဝန်ထမ်းများအား ပညာရှင်ထောက်ပံ့ကြေး၊ ဘွဲ့လွန်ထောက်ပံ့ကြေး၊ ဘေးအန္တရာယ်ရှိနိုင်မှုအတွက်ထောက်ပံ့ကြေး (Risk allowance)၊ ဆေးရုံညတာဝန်ကျထောက်ပံ့ကြေး(Night duty allowance)စသည်တို့ကို ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သူနာပြုသင်တန်းကျောင်းများကို သူနာပြုသိပ္ပံများအဖြစ် အမည်ပြောင်းလဲသတ်မှတ်ကာ အဆင့်မြှင့်တင်ရန်စီစဉ်ခြင်းတို့ကို တိုးမြှင့်ပေးအပ်ရန်စီစဉ်ပေးခြင်းတို့ကို အသိအမှတ်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖြည့်ဆည်းနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဆရာဝန်(သစ်လွင်) စုစုပေါင်း ၂၆၃၃ ဦး၊ သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်) စုစုပေါင်း ၃၅၂ ဦး ၊ BNSc (သူနာပြုသိပ္ပံဘွဲ့)ရ ၄၄၇ ဦး၊ သူနာပြုဒီပလိုမာဘွဲ့ရ ၅၈၉၉ ဦး၊ သားဖွားဒီပလိုမာဘွဲ့ရ ၁၈၅ ဦး၊ အကူသူနာပြု ၃၁၇၇ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ရ ၂၃၇ ဦး၊ ဆေးဘက်နည်းပညာဘွဲ့ရ ၅၃၈ ဦး၊ ကျွမ်းကျင်အဆင့် (၄) ဝန်ထမ်း ၃၁၅၀ တို့ကို ခန့်အပ်တာဝန်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှက နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အဆိုပါအခမ်းအနားတွင် ဆရာဝန်(သစ်လွင်) ၁၆ ဦးနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်) ၁၁၀ တို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဟိုတယ်ဆိုင်ရာ ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့် ဧည့်သည်စာရင်းအချက်အလက်စနစ်အသုံးပြုနည်း သင်တန်းများဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဟိုတယ်များမှ မန်နေဂျာ/ကြီးကြပ်ရေးမှူးအဆင့်ရှိ ဝန်ထမ်းများအတွက် ခေါင်းဆောင်မှုနှင့် ဝန်ဆောင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Aureum Palace ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က နေပြည်တော်ရှိ လိုင်စင်ရဟိုတယ်များမှ သင်တန်းတက်ရောက်ပြီးသည့် အရေအတွက်မှာ ၅၆ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည့်အတွက် ကျန်ရှိနေသော ဝန်ထမ်းများ လိုက်ပါတက်ရောက်စေရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုသင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဒုတိယအကြိမ်အဖြစ် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး သင်တန်းနည်းပြများကို အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တုံဂပူရိဟိုတယ်၌ကျင်းပသော အဆင့်မြှင့်တင်ထားသည့် ဧည့်သည်စာရင်းအချက်အလက်စနစ်ကို တာဝန်ယူဆောင်ရွက်မည့် ဟိုတယ်များမှ ဝန်ထမ်းများနှင့် ဆက်စပ်ဌာနများမှ အရာထမ်း၊ အမှုထမ်းများကို သင်ကြားသည့် စနစ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဧည့်သည်စာရင်းအချက်အလက်စနစ် အသုံးပြုနည်းအား လက်တွေ့သင်ကြားပြသနေမှုအခြေအနေကို လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၇ ဒီဂရီစင်တီဂရိတ် | / ၃၂ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန် | ၁၉ ဒီဂရီစင်တီဂရိတ် | / ၃၅ ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၁၇ ဒီဂရီစင်တီဂရိတ် | / ၃၃ ဒီဂရီစင်တီဂရိတ် |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Trading of tilapia fish in high demand at domestic market in Myanaung Township

MYANAUNG February 4

"Tilapia fish is being traded with high demand at the fish and meat market in Myanaung Township of Ayeyawady Region," said Daw Aye Thet, the owner of fishery product trading depot in Myanaung Township.

Trading of tilapia fish is booming at the domestic market in Myanaung Township from the first week of December to date. Its trading is 2,000 viss to 3,500 viss per day at the domestic market due to high demand of consumers.

"In the fish market, demand for tilapia has recently been strong. Prices vary depending on weight and freshness. As sales of tilapia—one of the main freshwater products—have improved, workers, traders, and major fish farmers are seeing better business conditions. Normally, supply is not consistent, but daily sales now reach more than 3,500 viss," said Daw Aye Thet.

In Myanaung Township, wholesalers purchase locally sourced tilapia, process them to market standards, and distribute them for sale. Tilapia from the area are currently selling for up to Ks-18,500 per viss.

SK



# YeU District cultivates over 1,000 acres of onions as cold season crops

YEU February 4

YeU District Agriculture Department stated that local farmers have grown more than 1,000 acres of onions as cold season crops in YeU District of Sagaing Region.

During the 2025-2026 winter crop season, YeU District planned to cultivate 2,600 acres of onion. Cultivation began in October last year, and reports indicate that, to date, 1,715 acres have been planted in YeU Township and 16 acres in Dabayin Township, making a total of 1,731 acres.

"This winter crop season, YeU District planned to grow more than 2,000 acres of onion. As of today, over 1,000 acres have already been planted. We are working to ensure the full target can be achieved. Onion cultivation is proceeding as usual. We are also facilitating market linkages so that farmers can obtain good prices," said U Zaw Myint Tun, head of the YeU District Agriculture Department.

For the 2025-2026 winter crop season, the district's planting plan includes 1,721 acres in YeU Township, 440 acres in Taze Township, and 439 acres in Dabayin Township, totalling 2,600 acres.

It is learned that the township-level Agriculture Departments in YeU District have been working to support onion farmers by helping them connect to markets for better prices, providing guidance on storage techniques to extend shelf life, promoting GAP cultivation practices, and ensuring production of high-quality onions.

Onion farmers reportedly spend around Ks-1.8 million per acre, with yields of about 5,000 viss per acre.

Onion cultivation is widespread across the Sagaing Region, and the townships with the largest cultivation areas include Monywa, Yinmabin, ChaungU, Shwebo, and Myinmu.

SK

# Eel dispatched by Kyaiklat Township to Yangon market



KYAIKLAT February 4

"Local fishermen and businesspersons from Kyaiklat Township of Ayeyawady Region sold a large volume of eel to Yangon market," said Daw Tin Tin Win, the owner of fishery product trading depot in Kyaiklat Township.

Eels from Kyaiklat Township were exported and sold to the Yangon market, with shipments totalling 51,000 viss. It is learned that the stronger export performance of these eels is due to rising demand from the Yangon market.

"A large volume of eels have been supplied to Yangon market since around the first week of last month. The rise in eel exports and sales is also attributed to the resumption of domestic eel-related businesses. Locally produced eels are mainly transported to Yangon, from where they are further distributed to other domestic and foreign markets. With demand picking up in this way, eel farmers and workers, as well as those engaged in eel catching, are seeing improved livelihoods," said Daw Tin Tin Win.

In November, eels exported from Kyaiklat Township to the Yangon market were selling at prices of up to Ks-185,000 per 10 viss. It is reported that these locally produced eels are primarily marketed in Yangon and then further distributed from Yangon to other regions.

SMK

# More than 104,000 acres of paddy harvested in Einme Township

EINME February 4

"Local farmers have harvested 104,573 acres of paddy in Einme Township of Ayeyawady Region," said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

In Einme Township, 143,010 acres of rainfed paddy were cultivated during the monsoon cropping season. Harvesting of these paddy fields began in the second week of October last year, and as of today, a total of 104,573 acres have been fully harvested. The harvested fields produced up to 107.77 baskets per acre.

"We were able to cultivate more than 143,000 acres of monsoon paddy this season, and all the fields have now been harvested. The Department of Agriculture worked in advance to provide the necessary support to ensure smooth cultivation in line with the production targets. Fertilizer and other inputs were also provided in coordination with the relevant departments and organizations. As a result, we were able to complete the harvest without difficulties," said Daw Khin Htay Myint.

In Einme Township, monsoon paddy cultivation was carried out in full accordance with the production plan through the cooperation of the Department of Agriculture, the Township Administration Body, the Department of Agricultural Mechanization, agricultural companies, farmers' associations, the Irrigation and Water Utilization Management Department, and local residents.

SMK

# All sown acreage of sesame harvested in Sagaing Township

SAGAING February 4

Statistics of Sagaing Township Agriculture Department stated that local farmers have harvested all plantations of monsoon sesame in Sagaing Township of Sagaing Region.

In Sagaing Township, during this monsoon cropping season, farmers were able to cultivate rainfed sesame on 24,727 acres. Harvesting of these sesame fields began in last August and, as of today, all acres have been fully harvested, with yields exceeding 10 baskets per acre.

(ii) **Hess's Law:** The enthalpy change for a chemical reaction is the same, whenever the route is taken from reactants to products.

(c) (i) Repeating unit of terylene



(ii) In amide, medium and weak peaks at about 3300 – 3500 cm$^{-1}$ would be observed for the $NH_2$ group. A strong and sharp peak at about 1650 – 1750 cm$^{-1}$ would be observed for the C=O group.

(iii) Primary amines are more soluble in water than secondary and tertiary amines because more hydrogen bonds are formed in primary amines.

************************

ဖော်ပြပါမေးခွန်း (၁) စုံကို နမူနာပေး၍ ဖြေဆိုပြသပေးထားသည့်အတွက် စာမေးပွဲတွင် မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို နားလည်သဘောပေါက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ Grade 12 ဓာတုဗေဒ ပြဋ္ဌာန်းစာအုပ်မှ အခန်း(၈)ခန်းကို ဓာတုဗေဒဘာသာရပ်ရဲ့ အခန်း(၈)ခန်းအားလုံး၏ သဘောတရားများကို နားလည်မှု/တတ်ကျွမ်းမှု/လေ့လာ အားထုတ်မှုတို့ကို စစ်မေးထားခြင်းသာလျှင်ဖြစ်ပါတယ်။

အခန်းလိုက်ဖြေဆိုမှုကို ကြည့်ခြင်းအားဖြင့် **Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာမှ SECTION 1.1 မှ 1.5 အထိ လေ့လာပြီး ဖြေဆိုရသော မေးခွန်းနှင့် အဖြေများသာလျှင် ဖြစ်ပါတယ်။

အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်စေရန် အချက်ကို ဖော်ပြပေးထားပြီး လေ့လာမှတ်သားထားစေလိုပါတယ်။

အဓိကသတိပြုရမှာကတော့ Lewis structure ရေးသားလျှင် unshared paired electrons တွေကို ဖြည့်ဝင်ခြင်းအတွက် molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီအရ shape ကို ခန့်မှန်းဖို့အတွက် – molecule ရဲ့ Lewis's structure ကို ဆွဲပါ။ Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။ Electron pair ရဲ့ geometry ကို ရှာဖွေပါ။ နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းဖော်ပြပေးနိုင်မှာဖြစ်ပါသည်။

**Table Geometry of Electron Pairs and Molecular Shapes of Different Types of Molecules**

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | Linear |  linear | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  triangular planar | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  bent/V-shaped | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  tetrahedral | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral |  trigonal pyramidal | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  bent/V-shaped | $H_2O$ |

**Note: Symbol E represents the number of lone pairs of electrons.**

**Chapter 2 Energy Changes in Chemical Reactions** မှာ–

**စွမ်းအင်ပြောင်းလဲခြင်း**၏ သဘောတရားများဖြစ်သော energy transformation, Law of conservation of energy, Chemical energy နှင့်သက်ဆိုင်သည့် သဘောတရားများကို နားလည်ထားမည်ဆိုပါက ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် မေးခွန်းတိုများကို ဖြေဆိုနိုင်မည်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပစွမ်းအင်ပေးဖို့ မလိုအပ်သောဓာတ်ပြုခြင်း၊ ပြင်ပစွမ်းအင်ပေးမှ ဓာတ်ပြုခြင်းဖြစ်ပေါ်ခြင်း၊ ဆိုလိုတာကတော့ spontaneous နှင့် non-spontaneous reaction တို့၏သဘောတရားများ သိရှိထားကြရမယ်။

ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်)၊ ၎င်းနဲ့ထိစပ်နေတဲ့အရာကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဘက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဘက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။

**အပူပြောင်းလဲမှု**ကြောင့် ဓာတ်စည်းပြတ်တောက်ခြင်း၊ ဓာတ်စည်းဖြစ်ပေါ်ခြင်းများနှင့်ဆိုင်သော ပုစ္ဆာများ ဖြေရှင်းတတ်ရန် ပုစ္ဆာ(၁)ပုဒ်ကို ဖော်ပြပေးထားမယ်၊ ထိုပုစ္ဆာမျိုး တွက်ချက်တတ်စေရန် လေ့ကျင့်ထားစေလိုပါတယ်။

Is this reaction exothermic or endothermic? $2H_2(g) + O_2(g) \rightarrow 2H_2O$ (l)

Given: energy required to break 1 mol of O=O bonds = 496 kJ

energy required to break 1 mol of H–H bonds = 436 kJ

energy required to form 1 mol of O–H bonds = 465 kJ

ဓာတ်ပြုခြင်းများမှာ အပူပြောင်းလဲမှုနှင့်သက်ဆိုင်သော thermochemical equation များကို ရေးနိုင်ရန် လိုအပ်ပါတယ်။ **Thermochemical equation** များ

(i) $C(graphite) + O_2(g) \rightarrow CO_2(g)$ $\Delta H_f^{\theta} = -394$ kJ mol$^{-1}$

(ii) $CH_4(g) + 2O_2(g) \rightarrow CO_2(g) + 2H_2O(l)$ $\Delta H_f^{\theta} = -891$ kJ mol$^{-1}$

စာမျက်နှာ ၂၆ သို့ ➢

➢ စာမျက်နှာ ၂၅ မှအဆက်

(iii) $C_2H_5OH(l) + 3O_2(g) \rightarrow 2CO_2(g) + 3H_2O(l)$ $\Delta H_f^\theta = -1367\ kJ\ mol^{-1}$

(iv) $2C(graphite) + 3H_2(g) + ½O_2(g) \rightarrow C_2H_5OH(l)$ $\Delta H_f^\theta = -235\ kJ\ mol^{-1}$

(v) $Na(s) + C(graphite) + ½H_2(g) + 3/2O_2(g) \rightarrow NaHCO_3(s)$ $\Delta H_f^\theta = -951\ kJ\ mol^{-1}$

ဒြပ်ဝတ္ထုပစ္စည်းများ enthalpy တန်ဖိုးကိုတိုက်ရိုက်မတိုင်းတာနိုင်ပေမယ့် calorimeter ကိုအသုံးပြုပြီး $\Delta T$ တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ ထို့မှတစ်ဆင့် $q = mc\Delta T$ ညီမျှခြင်းကို အသုံးပြု၍ (Enthalpy Change) ကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ နမူနာဖြေဆိုမှုကို ကြည့်ရှုနိုင်ပါတယ်။

**Enthalpy cycle** ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ အပူပြောင်းလဲခြင်းဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ဥပမာ- Calculate the standard enthalpy change of the decomposition of calcium carbonate;

$CaCO_3(s) \rightarrow CaO(s) + CO_2(g)$ using the data given below.

$\Delta H_f^\theta[CaO(s)] = -636\ kJ\ mol^{-1}$ $\Delta H_f^\theta[CO_2(g)] = -394\ kJ\ mol^{-1}$

$\Delta H_f^\theta[CaCO_3(s)] = -1207\ kJ\ mol^{-1}$




By using Hess's law, Route I = Route II

$\Delta H_f^\theta[CaCO_3(s)] + \Delta H_r^\theta = \Delta H_f^\theta[CaO(s)] + \Delta H_f^\theta[CO_2(g)]$

$(-1207) + \Delta H_r^\theta = (-636) + (-394)$

$\Delta H_r^\theta = +177\ kJ\ mol^{-1}$

Chemical Bond တစ်ခုကိုဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်း ပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက် ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။ လေ့ကျင့်ခန်းပုစ္ဆာများ လေ့ကျင့်ထားကြပါ။

**Chapter 3 Chemical Kinetics: Rates of Reaction** မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှုလည်းရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများ ပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများ တိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဓာတ်ပြုနှုန်းနှင့် သက်ဆိုင်သည့် ဥပမာပုစ္ဆာများနှင့် လေ့ကျင့်ခန်းများကို တွက်ထားစေလိုပါသည်။

ဥပမာ- When the following reaction of zinc and dilute hydrochloric acid takes place, 30 g of zinc has been used up after 2 min. Calculate the rate of the reaction in terms of the mol per second.

(Zn = 65.38)

$$Zn(s) + 2\ HCl(aq) \rightarrow ZnCl_2(aq) + H_2(g)$$

$$\text{mol of Zn} = 30\ g \times \frac{1\ mol}{65.38\ g} = 0.46\ mol$$

reaction time (in seconds) $t = 2 \times 60 = 120\ s$

$$\text{rate} = \frac{\text{mol of Zn used}}{\text{time}} = \frac{0.46\ mol}{120\ s} = 0.004\ mol\ s^{-1}$$

The rate of reaction is $0.004\ mol\ s^{-1}$.

ရှုထောင့်အမျိုးမျိုးမှ reaction rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကို သင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို၊ product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

**Chapter 4, Chemical Equilibrium ဓာတ်ပြုမျှခြေ** ကို လေ့လာလျှင်- အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one-way process) ဖြစ်စဉ်များဖြစ်ကြပြီး အချို့ကတော့ အပြန်အလှန်ဓာတ်ပြုခြင်း (reversible reaction) တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေ တူညီသွားတဲ့အခါ မျှခြေ (equilibrium) ကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။

Reactions တွေရဲ့ physical states တွေအရ တစ်သားတည်းမျှခြေနှင့် တစ်သားတည်းမဟုတ်မျှခြေ homogeneous နဲ့ heterogeneous equilibria တွေကို သတ်မှတ်ဖော်ပြတတ်ရမယ်။ အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။

Concentration effect, Pressure effect or Temperature effect တစ်ခုချင်းစီကို စာမေးပွဲအတွက် လေ့လာထားစေလိုပါတယ်။ သက်ရောက်မှုတစ်ခုစီအတွက် ဥပမာများ၊ လေ့ကျင့်ခန်းများနှင့် ဖြေဆိုမှုပုံစံတို့ကို လေ့လာပြီးဖြေဆိုတတ်စေရန် ဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ အသုံးပြုခြင်းအတွက် ဥပမာ- ammonia နှင့် methanol production များကို သိရှိစေရန် မျှခြေအနေနှင့် ဖော်ပြပေးထားသလို အသေးစိတ် သိရှိနားလည်စေလိုပါတယ်။

Homogeneous နဲ့ Heterogeneous equation များအတွက် equilibrium constant $K_{eq}$ တန်ဖိုးများကို ရေးသားဖော်ပြတတ်ရပါမယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ $K_{eq}$ ကို molar concentration အားဖြင့် $K_c$ နှင့် gaseous equilibrium အတွက် $K_p$ စသဖြင့် ဖော်ပြပေးတတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာပုစ္ဆာများကိုလည်း ဖြေရှင်းတွက်ချက်ထားစေလိုပါတယ်။

**Chapter (5) Acid–Base Reactions** ဖြစ်ပါတယ်။ Acids and bases theories (၃) ခုကို တင်ပြသွားမှာဖြစ်ပါတယ်။ Arrhenius Theory သည် $H^+$ ions နှင့် $OH^-$ ions များကို အခြေခံ၍ acid–base ကိုအဓိပ္ပာယ်သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ Brønsted and Lowry Theory အရဆိုလျှင် proton သို့မဟုတ် $H^+$ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့ လိုအပ်ပါတယ်။ Brønsted and Lowry Theory ကို အခြေခံ၍ The concept of conjugated acid–base pairs ကိုလည်း ဥပမာများနှင့် အဓိပ္ပာယ်ရှင်းလင်းတတ်ရန်လိုပါတယ်။ Lewis acid–base theory မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ ē pair လက်ခံနိုင်မှု၊ ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။

**ရေမော်လီကျူးပြိုကွဲခြင်း နှင့် pH ဖော်ပြချက်မှာ** ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant ($K_w$) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကို ရှင်းလင်းစွာဖော်ပြပေးထားပြီး ဆက်စပ်မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုတတ်ရမယ်၊ ပုစ္ဆာတွက်ချက်မှုကိုလည်း အဆင့်မကျော်စေရန် သတိပြုစေလိုပါတယ်။

e.g. Calculate the pH of an aqueous solution containing 7.3 g HCl per $dm^3$.

(H = 1, Cl = 35.5)

**Answer:** molar mass of HCl = 1+ 35.5= 36.5 g $mol^{-1}$

$$\text{mol of HCl} = \frac{7.3\ g}{36.5\ g\ mol^{-1}} = 0.2\ mol, \quad [HCl] = \frac{0.2\ mol}{1\ dm^3} = 0.2\ mol\ dm^{-3}$$

$HCl(aq) \rightarrow H^+(aq) + Cl^-(aq)$

$0.2\ mol\ dm^{-3}$ $0.2\ mol\ dm^{-3}$

$pH = -\log[H^+] = -\log 0.2 = 0.699$

ထို့နောက် **acid ပျော်ရည်၊ base ပျော်ရည်တို့၏ပြိုကွဲမှု ionisation** အကြောင်းကို လေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_a$ နှင့် acid ပြင်းအား ဆက်သွယ်မှု- အလားတူ base ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_b$ ဆက်သွယ်ချက်များကို တိကျစွာဖော်ပြပေးတတ်ရမည် ဖြစ်ပါတယ်။

**ဆားအမျိုးအစား (၄) မျိုး**ဖြစ်တဲ့ strong acid and strong base, strong acid and weak base, weak acid and strong base နှင့် weak acid and weak base တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။

**Buffer ပျော်ရည်**ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ ပါဝင်သောပျော်ရည်အမျိုးအစား ဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင်စေပါတယ်။ Buffer solution အမျိုးအစား (၂) မျိုးနှင့် ၎င်းတို့၏ pH range ကိုပါ ဖော်ပြပေးထားပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများကိုလည်း ပြည့်စုံစွာလေ့ကျင့်ထားသင့်ပါတယ်။

**Chapter 6 ကတော့ Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။

IUPAC definition အရ *d*–orbitals or subshells များတွင် ē အပြည့်ဖြည့်ဝင်ထားခြင်း မရှိသော ဒြပ်စင်အက်တမ် သို့မဟုတ် ဓာတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ (transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို *s*–block နှင့် *p*–block ကြားတွင် တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် ပထမ Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ ပထမ Series ($_{21}Sc$ – $_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ ထိုဒြပ်စင် (၁၀) ခုအတွက် အထက်ဖော်ပြပါမေးခွန်း နမူနာအတိုင်း လေ့လာထားစေလိုပါတယ်။

**Chapter 7 Chemistry and Green Environment** မှာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု- ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုတို့ကို လေ့လာမည့် အခန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများအပေါ် နားလည်ထားဖို့လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems ကို သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်း ရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာ သိရှိနားလည်ဖို့လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတွေကို သေချာစွာသိထားရမှာဖြစ်ပါတယ်။

ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury)နှင့် ထိုသတ္တုဒြပ်ပေါင်းများက သက်ရောက်နိုင်မှုကို ဖော်ပြပေးထားပါတယ်။ ထို့ပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများကို ဆွေးနွေးပေးထားပါတယ်။ ပုံနှိပ်စာအုပ်မှာ လေ့လာဖတ်ရှုပြီး မေးခွန်းနှင့်လေ့ကျင့်ခန်းများ ဖြေဆိုထားစေလိုပါတယ်။ မိမိနားလည်ထားသည့် ရှုထောင့်မှလည်းဖြေဆိုနိုင်လျှင် အမှတ်ရရှိနိုင်သည့် အခန်းမျိုးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် အခြားသက်ရောက်နိုင်သော အော်ဂဲနစ်ဓာတုဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ VOCs တို့ကိုလည်း သိရှိနားလည်ထားရပါမယ်။ သင့်တော်သောဥပမာများနှင့် လူသားတွေရဲ့ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ၎င်းတို့၏ သက်ရောက်မှုများကို ဖတ်မှတ်နားလည်ထားရမယ်။

သဘာဝနှင့် လူ့ပတ်ဝန်းကျင်များမှ ထွက်ပေါ်လာသော radiation (ဓာတ်ရောင်ခြည်) နှင့် လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution များသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကြောင့်ဖြစ်စေနိုင်သော ကျန်းမာရေးပြဿနာတွေကို သိရှိနားလည်ထားစေလိုပါတယ်။ နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားလက်နက်များအကြောင်း၊ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာဖတ်ရှုပြီး မေးခွန်းနှင့် အဖြေကိုက်ညီစေရန် ကြိုတင်လေ့ကျင့်ထားကြပါ။

စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှုနည်းလမ်းကောင်းများကိုလည်း သုတေသနပြုဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိစေလိုပါတယ်။

စာမျက်နှာ ၂၇ သို့ ➢

➢ စာမျက်နှာ ၂၆ မှအဆက်

အခန်း (၈) ကတော့ Organic Compounds and Macromolecules ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် summary ကို ဖော်ပြပေးထားပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် organic reactions များကို အကြိမ်ကြိမ်ရေးသားလေ့ကျင့်ကြပါလို့ တိုက်တွန်းပါတယ်။ စာမေးပွဲဖြေဆိုရာတွင် Reaction အတွက် မေးသောမေးခွန်းများသည် အော်ဂဲနစ်ဓာတ်ပြုခြင်း ရေးမှသာလျှင် အမှတ်ပြည့်ရမည် ဖြစ်ပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် USES ကိုဖြေဆိုလျှင်လည်း ရောထွေးမှုမရှိဘဲ တိကျစွာဖြေဆိုနိုင်ရမည်ဖြစ်ပါတယ်။

ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားများနှင့်ဖော်ပြပေးထားပါတယ်။ ထိုဇယားဖော်ပြချက်များကို သေချာစွာလေ့ကျင့်ဖြေဆိုတတ်စေရန် Functional groups များ chemical test equations များနှင့် တွေ့ရှိချက်တို့ကို ရှင်းလင်းစွာ ရေးသားတတ်ဖို့လိုပါတယ်။

Organic compounds များ၏ functional groups တွေကို သတ်မှတ်ပေးနိုင်သော spectroscopic method- လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation and electromagnetic spectrum ကို လေ့လာသိရှိထား ရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကို သိရှိနားလည်စေလိုပါတယ်။

Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက Infrared spectroscopy ကို လေ့လာရမှာဖြစ်ပြီး IR spectroscopy ရဲ့ principle Molecules နဲ့ IR radiation တို့ interaction ဖြစ်ပေါ်ခြင်း molecules က IR radiation ရဲ့ စွမ်းအင်ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေခြင်း စသည်တို့ကို လေ့လာမှတ်သားရမည် ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ် မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive တို့သည် Molecules များ၏ dipole moment changes ပေါ်မူတည်ပြီး- dipole moment changes ရှိမှသာ IR active dipole moment changes မရှိခဲ့လျှင် IR inactive ဖြစ်ပါတယ်။ ဥပမာ $N_2$ molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C-H နဲ့ C=O functional groups တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။

IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို Table မှာပြသပေးထားပါတယ်။ ဒီဇယားကို အသုံးပြု၍ ပုံနှိပ်စာအုပ်တွင်ပါဝင်သော IR spectrum များနှင့် တိုက်ဆိုင်လေ့ကျင့်ထားမည်ဆိုလျှင် functional groups, wavenumber, and band intensity တို့ကို အကျွမ်းတဝင်သိရှိလာနိုင်ပါတယ်။

Table Some Characteristic Infrared Absorption Bands and their Intensitie

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C≡C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, mediun |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုး ပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိ နားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျှော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။

Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 Chemistry မေးခွန်းနမူနာပုံစံကို ဖြေဆိုပြထားသည့်အတွက် ဓာတုဗေဒဘာသာရပ် ဖြေဆိုမှုကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ Chapter တစ်ခုချင်းအလိုက် အကျဉ်းချုပ်လေ့လာမှတ်သားရန်တို့ကိုလည်း ရေးသားတင်ပြထားသည့်အတွက် တပည့်တို့အနေနဲ့ နားလည်သဘောပေါက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာ မေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာရေးသားဖော်ပြဖို့ သတိပြုရပါမယ်။

နိဂုံးချုပ်အနေနှင့် ၂၀၂၆ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး မိမိကြိုးစားအားထုတ်မှု ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

************************************************

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့် တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျိုင်းတုံနှင့် မြိတ်စခန်းတို့တွင် မိုးရွာသွန်းခဲ့ပြီး မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ပုံ(၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၂ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကျိုင်းတုံ | ၆.၇ |
| ၂ | မြိတ် | ၆.၈ |

## အမေရိကန်၏ လေယာဉ်တင် သင်္ဘောအနီး ချဉ်းကပ်လာသည့် အီရန်ဒရုန်းကိုပစ်ချ

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်၏ လေယာဉ်တင်သင်္ဘော တစ်စင်းအနီးသို့ချဉ်းကပ်လာသော အီရန်ဒရုန်းတစ်စင်းကို အမေရိကန်တပ်ဖွဲ့များက ပစ်ချလိုက်ကြောင်း အစိုးရအရာရှိတစ်ဦးက ဖေဖော်ဝါရီလ ၄ ရက်တွင်ပြောသည်။

ထိုဒရုန်းသည် အမေရိကန်၏လေယာဉ်တင်သင်္ဘောကို ခြိမ်းခြောက်နိုင်စေသည့် အကွာအဝေးသို့ ရောက်လာသောကြောင့် ကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များဖြစ်သော ဖြစ်ပွားသည့်နေရာအတိအကျနှင့် ထိခိုက်ပျက်စီးမှုအခြေအနေများကိုမူ အရာရှိက ထုတ်ဖော်ပြောခြင်းမရှိသေးပေ။ ယခုကဲ့သို့ လုပ်ရပ်သည် ဒေသတွင်းရှိ အမေရိကန်စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများကို ကာကွယ်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန်ဘက်က အရိပ်အမြွက်ပြောထားသည်ဟုသိရသည်။

**Ref: ST**

## ရုရှားနှင့်ယူကရိန်းတို့ အဘူဒါဘီတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဒုတိယအကျော့စတင်



အဘူဒါဘီ၊ ငြိမ်းချမ်းရေး

ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့များသည် အမေရိကန်ကကြားဝင်စေ့စပ်ပေးသည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဒုတိယအကျော့ကို ဖေဖော်ဝါရီလ ၄ ရက်တွင် အဘူဒါဘီမြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပဒေသ၏ အကြီးမားဆုံးသောပဋိပက္ခကို အဆုံးသတ်နိုင်ရန်ရည်ရွယ်သည့် အဆိုပါဆွေးနွေးပွဲကိုနှစ်ရက်ကြာဆောင်ရွက်မည်ဖြစ်သည်။ ယခုဆွေးနွေးပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စေလွှတ်ချက်အရ အထူးကိုယ်စားလှယ်များဖြစ်ကြသော စတိဝစ်ကော့နှင့်ဂျဲရက်ကုရှနာတို့ ပါဝင်တက်ရောက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြုလုပ်ခဲ့သော ပထမအကျော့ဆွေးနွေးပွဲသည် အပြုသဘောဆောင်သည်ဟု ဘက်ပေါင်းစုံကသုံးသပ်သော်လည်း လက်ရှိတွင် စစ်မြေပြင်အခြေအနေနှင့် နယ်မြေကိစ္စရပ်များမှာ တင်းမာနေဆဲဖြစ်သည်။

ထို့ပြင် ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ကြား ဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်တစ်ခုရရှိရန်မှာ အလွန်နီးစပ်လာနေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောထားသည်။ အလားတူ ထိုနှစ်နိုင်ငံကြား သဘောတူညီချက်ရရှိရေးသည် ယခင်အချိန်များထက်ပိုမိုနီးစပ်လာနေပြီဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းတွင် ရုရှားအစိုးရက ထရမ့်၏တောင်းဆိုချက်ကြောင့် ယူကရိန်းအပေါ် လူသားချင်းစာနာမှုအတွက် အပစ်အခတ်ရပ်စဲပေးခဲ့ကြောင်းသိရသည်။

**Ref: RT**

## ကင်ဆာရောဂါဖြစ်ပွားမှု ၁၀ ခုတွင် လေးခုမှာ ကြိုတင်ကာကွယ်နိုင်ကြောင်း WHO ထုတ်ပြန်

ဂျီနီဗာ၊ ကျန်းမာရေး

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော ကင်ဆာရောဂါဖြစ်စဉ် ၁၀ ခုအနက် လေးခုမှာ ကြိုတင်ကာကွယ်နိုင်သောအခြေအနေဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ဖေဖော်ဝါရီလ ၄ ရက် ကမ္ဘာ့ကင်ဆာနေ့တွင်ထုတ်ပြန်သည်။ ကင်ဆာရောဂါကြောင့် သေဆုံးမှုများကိုလျှော့ချနိုင်ရန် လူနေမှုပုံစံပြောင်းလဲခြင်းနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များမှာ အရေးကြီးသောကဏ္ဍမှ ပါဝင်နေကြောင်း အဆိုပါအဖွဲ့က ထောက်ပြထားသည်။

ကင်ဆာရောဂါဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများတွင် ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများစားသုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ပါဝင်နေပြီး ထိုအပြုအမူများကိုရှောင်ကြဉ်ခြင်းဖြင့် ကင်ဆာဖြစ်ပွားမှုနှုန်းကို ၄၀ ရာခိုင်နှုန်းခန့်အထိ သိသိသာသာလျှော့ချနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Ref: AGC**

## အမေရိကန်နှင့် ဆွေးနွေးမှုတွင် ဒုံးကျည်ထုတ်လုပ်မှုကို ကန့်သတ်ရန်မပါဝင်ပါက အီရန်အပေါ်တိုက်ခိုက်မှုကို အစ္စရေးထောက်ခံမည်ဟုဆို

ဂျေရုဆလင်၊ စစ်ရေး

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဆွေးနွေးမှုတွင် အမြင့်ပျံဒုံးကျည်ထုတ်လုပ်မှုကိုကန့်သတ်ရန်နှင့် ဒေသတွင်းရှိအီရန်၏ လက်ဝေခံအဖွဲ့များအပေါ် ထောက်ပံ့မှုတို့ကို ကန့်သတ်ရန်အချက်များပါဝင်ခြင်းမရှိပါက အမေရိကန်၏ အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုကို အစ္စရေးကထောက်ခံသွားမည်ဖြစ်ကြောင်း Financial Times သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား တင်းမာမှုများမြင့်တက်နေစဉ်အမေရိကန်၏ အထူးကိုယ်စားလှယ် စတိဝစ်ကော့သည် အီရန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံပြီး အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ယခုသီတင်းပတ်အတွင်း ဆွေးနွေးသွားမည်ဖြစ်သည်။ ယင်းသို့ဆွေးနွေးခြင်းမပြုမီ စတိဝစ်ကော့က အစ္စရေးဝန်ကြီးချုပ်နှင့်ဦးစွာဆွေးနွေးမှုလုပ်ဆောင်နေကြောင်းသိရသည်။ **Ref: Sputnik**

## အမေရိကန်နိုင်ငံက အာဏာရှင်စနစ်သို့ ဦးတည်နေဟု HRW သတိပေး



နယူးယောက်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံသည် အာဏာရှင်စနစ်သို့ဦးတည်နေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က ဖေဖော်ဝါရီလ ၄ ရက်တွင်သတိပေးသည်။ အမေရိကန်အစိုးရသည် လူ့အခွင့်အရေးကိုလျစ်လျူရှုကာ ပြင်းထန်သောချိုးဖောက်မှုများကျူးလွန်နေကြောင်း HRW ကဆိုသည်။

အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်အဖွဲ့ (ICE) က အကြမ်းဖက်စီးနင်းမှုပြုလုပ်ခြင်း၊ အမျိုးသားအစောင့်တပ်ဖွဲ့ကို ပြည်တွင်း၌အသုံးချခြင်း၊ နိုင်ငံရေးပြိုင်ဘက်များအပေါ် လက်စားချေခြင်းတို့သည် အာဏာရှင်စနစ်သို့ ကူးပြောင်းနေသည့်လက္ခဏာများဖြစ်ကြောင်း HRW ၏ အစီရင်ခံစာ၌ဖော်ပြထားသည်။

ထို့ပြင် ဗင်နီဇွဲလား ရွှေ့ပြောင်းနေထိုင်သူ ၂၅၂ ဦးကို အယ်ဆာဗေဒိုးရှိထောင်သို့ ပို့ဆောင်ခြင်းသည် နိုင်ငံတကာဥပဒေအရ ပြစ်မှုမြောက်သည့် အတင်းအဓမ္မပျောက်ဆုံးစေမှုဖြစ်ကြောင်း HRW ကဆိုသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံအချို့သည် လွန်ခဲ့သောအနှစ် ၂၀ ကထက် ပိုမိုလွတ်လပ်မှုမရှိတော့ဘဲ ကမ္ဘာ့ဒီမိုကရေစီအခြေအနေသည် ၁၉၈၅ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ကျဆင်းနေကြောင်း HRW ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများကို အခြေခံသည့် ခိုင်မာသောမဟာမိတ်အဖွဲ့များဖွဲ့စည်းကြရန် HRW ကတိုက်တွန်းထားသည်။

**Ref: ST**

## ဂျပန်တွင်နှင်းကျမှုကြောင့် သေဆုံးသူမြင့်တက် ဆီးနှင်းပြိုကျနိုင်ခြေရှိကြောင်း သတိပေး

တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများတွင် သီတင်းပတ်နှစ်ပတ်ကြာ နှင်းများထူထပ်စွာကျဆင်းမှုကြောင့် သေဆုံးသူ ၃၅ ဦးအထိ မြင့်တက်လာသည်။ ထို့နောက် အပူချိန်မှာ ရုတ်တရက် ပြန်လည်မြင့်တက်လာသောကြောင့် ဆီးနှင်းပြိုကျမှုများဖြစ်ပေါ်နိုင်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၄ ရက်တွင် သတိပေးသည်။

ဇန်နဝါရီလ ၂၀ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများကျဆင်းမှုကြောင့် လူပေါင်း ၃၉၃ ဦး ဒဏ်ရာရရှိထားကြောင်း မီးသတ်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဇန်နဝါရီလနှောင်းပိုင်းမှစတင်၍ နှင်းများကျမှုကြောင့် နှင်းများထူထပ်စွာဖုံးလွှမ်းပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ကာ နေအိမ်များပြိုကျခြင်း၊ ကျောင်းများနှင့် လုပ်ငန်းများကို ပိတ်ထားရခြင်းများ ဖြစ်ပေါ်ခဲ့သည်။

သို့သော် ဖေဖော်ဝါရီလ ၄ ရက်တွင် ဒေသအချို့၌ အပူချိန် ၈ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာခဲ့ရာ အိမ်ခေါင်မိုးများပေါ်မှ လေးလံစိုစွတ်သောနှင်းထုများ ပြုတ်ကျခြင်းနှင့် ဆီးနှင်းပြိုကျခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှုများထပ်မံဖြစ်ပွားလာနိုင်သောကြောင့် ပြည်သူများအနေဖြင့် ဆီးနှင်းပြိုကျမှုအန္တရာယ်ကို အထူးဂရုပြုကြရန် တာဝန်ရှိသူများက အသိပေးနှိုးဆော်ထားသည်ဟုသိရသည်။ **Ref: ST**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**ဆေးရုံအုပ်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ PET/CT Cyclotron စက်၏ Spareparts ဖြစ်သည့် Syringe drive(1)Unit အား ပြုပြင်လဲလှယ်ခြင်း အတွက် စိတ်ပါဝင်စားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၂-၂၀၂၆(ကြာသပတေးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၁၈-၂-၂၀၂၆(ဗုဒ္ဓဟူးနေ့)
နေ့ရက်/အချိန် (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

---

**CP MOTOR SERVICES CO., LTD.**
**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၅၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ ၂၁၁ အရ**
**(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**
**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

CP MOTOR SERVICES COMPANY LIMITED အစုရှင်များ၏ နောက်ဆုံးအစည်းအဝေးကို (၁၂-၂-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီတိတိတွင် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊ အမှတ်-၂၉၅၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

ဦးဇင်ဝေ
လက်မှတ်ရပြည်သူ့စာရင်းကိုင်(စဉ်-၂၁၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၂၉၅၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ၅ လမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်ကလေးဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်ကလေးဆေးရုံကြီး၊ ဓာတ်မှန်ဌာနတွင် အသုံးပြုသည့် 64 Slices CT Scanner (Philips(USA), Ingenuity Core, SN:52040)စက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် ပြည်ထောင်စုမြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဆေးရုံအုပ်ကြီးရုံးခန်းတွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများ ။ ။ (၄-၂-၂၀၂၆)(ဗုဒ္ဓဟူးနေ့)၊
စတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် နံနက်(၁၀:၀၀)နာရီ
တင်ဒါပိတ်မည့် ။ ။ (၁၈-၂-၂၀၂၆) (ဗုဒ္ဓဟူးနေ့)
နေ့ရက်/အချိန် ညနေ(၄:၀၀)နာရီ
တင်ဒါဖွင့်ဖောက်မည့် ။ ။ (၁၉-၂-၂၀၂၆)(ကြာသပတေးနေ့)
နေ့ရက်/အချိန် နေ့လယ်(၂:၀၀)နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ကာလ(ရုံးချိန်)အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ အမှတ်(၂)ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

တင်ဒါကော်မတီ
ရန်ကုန်ကလေးဆေးရုံကြီး
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

---

**ဖရန်တီယာ ၃၆၀(အေးရှ)ကုမ္ပဏီလီမိတက်**
**"Frontier 360(Asia) Co.,Ltd."**
**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ဖရန်တီယာ ၃၆၀(အေးရှ)ကုမ္ပဏီ လီမိတက် "Frontier 360 Co.,Ltd."အား (၅-၂-၂၀၂၆)ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မြင့်မြင့် B.Com, C.P.A အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ ဧပြီလ(၅)ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့် B.Com, C.P.A,
Thaungaye & Associates Ltd.
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

---

**ပျောက်ဆုံးကြောင်း**

ပန်းအိအိခင်(ဘ)ဦးထွန်းလင်းသိန်း ၁၂/မရက(နိုင်)၁၈၃၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးထွန်းနေဝင်း**
**အထွေထွေမန်နေဂျာ(ငြိမ်း)မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်**
**DSA(19)**
**အသက်(၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ (ဦးသိန်းအောင်-ဒေါ်အုန်းကြည်)တို့၏သား၊ (ဒုတိယဗိုလ်မှူးကြီးစောရှိန်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဒေါ်ခိုင်မာစော၏ချစ်လှစွာသောခင်ပွန်း၊ ဦးဝဠာထွန်းရှိန်၊ ဒေါ်စပယ်ထွန်းရှိန်၊ ဦးထက်နိုင်ထွန်းရှိန်တို့၏ဖခင် ဦးထွန်းနေဝင်း(အထွေထွေမန်နေဂျာ-ငြိမ်း)၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(DSA-19)သည် ၃-၂-၂၀၂၆ ရက်(အင်္ဂါနေ့) ည ၇:၂၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်မတော်အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်နေ မောင်ဟိန်းထက်သူ(ဘ)ဦးမျိုးသူ ၉/ဇယသ(နိုင်)၀၀၅၆၂၇ ကိုင်ဆောင်သူ၏ သင်္ဘောသားစာအုပ်အမှတ်(CDC-SIRB-NO.132773)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၈၃၇၇၇၈

---

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်နေ မောင်ဟိန်းထက်သူ(ဘ)ဦးမျိုးသူ ၉/ဇယသ(နိုင်)၀၀၅၆၂၇ ကိုင်ဆောင်သူ၏ သင်္ဘောသားကတ်အမှတ်(SID-NO-MS 0053150)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၃၈၃၇၇၇၈

---

**ပျောက်ဆုံးကြောင်း**

အောင်အေးထူး(ဘ)ဦးအောင်လွင် ၁၂/ဒဂဆ(နိုင်)၀၁၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

---

**ပျောက်ဆုံးကြောင်း**

နေမျိုးအောင်(ဘ)ဦးဆန်းတင် ၁၃/တကန(နိုင်)၁၅၁၂၆၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၁၅၂၂၆၂၆၂

---

**ပျောက်ဆုံးကြောင်း**

ပပစန္ဒာ(ဘ)ဦးခင်မောင်ဦး ၁၂/သလန(နိုင်)၁၂၆၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၆၇၉၁၆၇

---

**ပျောက်ဆုံးကြောင်း**

စန်းစန်း(ဘ)ဦးအေးရွှေ ၇/ပတတ(နိုင်)၁၃၄၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 636485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၃၃၄၄၅၂

---

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ အ.လ.က ဈေးညောင်ပင်ကြီးကျောင်း၊ Grade-7 မှ မောင်ထွဋ်ဘုန်းမာန်နှင့် Grade-2 မှ မပန်းမြတ်သာကီကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးကျော်ဝင်း ၇/ဒဥန(နိုင်)၁၀၄၉၁၀ ဖြစ်ပါကြောင်း။ **ဦးစိုးကျော်ဝင်း**

---

**ပျောက်ဆုံးကြောင်း**

နှင်းမြမိုး(ဘ)ဦးမြင့်မိုး ၇/ကတခ(နိုင်)၁၂၅၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

---

**ပျောက်ဆုံးကြောင်း**

စိုးမြတ်နိုးလွင်(ဘ)ဦးစိုင်းစိုးလွင် ၁၂/တမန(နိုင်)၁၄၁၆၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၄၃၈၀၇၁၉

---

**ပျောက်ဆုံးကြောင်း**

တိုးတိုးဆန်း(ဘ)ဦးတင်ရွှေ ၈/သရန(နိုင်)၀၉၉၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၆၈၅၀၅၇

---

**ပျောက်ဆုံးကြောင်း**

ဇိုးရဲမ်မောရာ(ဘ)ဦးလားလ်စစ်နားလာ ၅/ကလထ(နိုင်)၂၉၆၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

---

**မိခင်အမည်မှန်**

ပဲခူးမြို့နယ်၊ အ.လ.က(ခွဲ)နိုင်သာယာ၌ Grade-5တွင် ပညာသင်ကြားနေသော မတင်နွယ်ဦး၏မိခင်အမည်မှန်မှာ ဒေါ်ဖွတ်ကြီးမား ၁၄/ကလန(ပြု)၀၀၀၆၉၉ ဖြစ်ပါကြောင်း။ ဒေါ်ဖွတ်ကြီးမား

---

**ပျောက်ဆုံးကြောင်း**

လှလှပြည့်(ဘ)ဦးလှအေး ၇/ကဝန(နိုင်)၁၈၄၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

---

**ပျောက်ဆုံးကြောင်း**

စောသန်းထွန်းအေး(ဘ)ဦးဖိုးလှ ၃/လဘန(နိုင်)၁၂၉၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 009308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

---

**ပျောက်ဆုံးကြောင်း**

ဒေါ်ဝင်းကြည်(ဘ)ဦးအောင်သိန်း ၉/သပက(နိုင်)၀၀၉၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၄၈၃၉၅၃

---

**ပျောက်ဆုံးကြောင်း**

ရန်လင်းအောင်(ဘ)ဦးဝင်းတင့် ၉/ရမသ(နိုင်)၁၇၀၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 510068)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၈၁၆၂၂၀

---

**ပျောက်ဆုံးကြောင်း**

ရိရိစိုး(ဘ)ဦးသန်းတင် ၁၂/တမန(နိုင်)၀၄၁၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၅၁၇၄

---

**ပျောက်ဆုံးကြောင်း**

ညီညီဇော်(ဘ)ဦးကျော်ရန် ၁၃/တကန(နိုင်)၁၉၃၀၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၇၅၀၂၄၆

---

**ပျောက်ဆုံးကြောင်း**

ဟားခါးမြို့နယ်၊ ချွန်ကျုံးကျေးရွာနေ ကျုံးမွှန်လျန်(ဘ)ဦးနိုဘီလ် ၄/ဟခန(နိုင်)၀၆၂၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၆၀၁၁၇၆

---

**ပျောက်ဆုံးကြောင်း**

ဒိုက်ဦးမြို့နေ ယဉ်ယဉ်ခြူး(ဘ)ဦးမြင့်စန်း ၇/ဒဥန(နိုင်)၁၆၈၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

---

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဒဟတ်ကုန်းကျေးရွာနေ ဦးစည်သူလှိုင်(ဘ)ဦးမင်းဇော်ထွန်း ၉/တကန(နိုင်)၂၃၇၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၁၄၅၈၁၄

---

**ပျောက်ဆုံးကြောင်း**

ခင်ဇော်ထူး(ဘ)ဦးသောင်းခိုင် ၇/လပတ(နိုင်)၁၃၅၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၃၄၅၆၄၉

---

**ပျောက်ဆုံးကြောင်း**

နေမိုးထက်(ဘ)ဦးတင်ဆယ် ၅/ကနန(နိုင်)၁၃၂၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၃၃၀၇၇၈

---

**ပျောက်ဆုံးကြောင်း**

ခန့်ဇော်ဝေ(ဘ)ဦးဝင်းဇော် ၁၄/ဖပန(နိုင်)၂၄၅၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 116438)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

---

**ပျောက်ဆုံးကြောင်း**

မောင်သန်းဝင်းထွန်း(ဘ)ဦးသန်းထွန်း ၉/မခန(နိုင်)၂၇၀၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 163834)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၈၉၁၆၉၀

---

**ပျောက်ဆုံးကြောင်း**

ပြည့်ဖြိုးအောင်(ဘ)ဦးဝင်းတင် ၈/ရစက(နိုင်)၂၂၇၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၇၅၆၉၉၀၀

---

**ပညာဘဏ်တိုက်**
**စာကြည့်တိုက်**
















## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

❖ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကိုဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ် . . .

❖ မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အသိပညာပေးဟောပြောပွဲနှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များငှားရမ်းပေး

ချောက် ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ချောက်မြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသည့် အသိပညာပေးဟောပြောပွဲနှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် အခြေခံပညာကျောင်းများသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ စာဖတ်ပုံ၊ စာဖတ်နည်းနှင့် လွယ်ကူစွာ ဖတ်မှတ်လေ့လာနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ **စာမျက်နှာ ၂၉ ကော်လံ ၄** ❍



## ထူးခြားသည့် ညအပူချိန်များ

၄-၂-၂၀၂၆

| | | |
|---|---|---|
| ဟားခါး | ၄ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၇ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၇ | ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ဖဲဟိုး | ၇ | ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၇ | ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၈ | ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၈ | ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၉ | ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| သီပေါ | ၉ | ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၉ | ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |

## နိုင်ငံတကာသတင်း

စာ - ၂၈ သို့

**ရုရှားနှင့် ယူကရိန်းတို့ အဘူဒါဘီတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဒုတိယအကျော့စတင်**

- - - - - - - - - - - - - - - - - - - -

**ကင်ဆာရောဂါဖြစ်ပွားမှု ၁၀ ခုတွင် လေးခုမှာ ကြိုတင်ကာကွယ်နိုင်ကြောင်း WHO ထုတ်ပြန်**

- - - - - - - - - - - - - - - - - - - -

**ဂျပန်တွင်နှင်းကျမှုကြောင့် သေဆုံးသူမြင့်တက် ဆီးနှင်းပြိုကျနိုင်ခြေရှိကြောင်း သတိပေး**

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၆) ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့်ရာမညယူနိုက်တက်အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်အသင်းက ၆ ဂိုး - ၁ ဂိုးဖြင့် ဂိုးပြတ်သွင်း၍ အနိုင်ရရှိသွားသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ၁၅ ပွဲကစားအပြီး ၁၂ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁)တွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး **စာမျက်နှာ ၂၉ ကော်လံ ၄** ◆




